# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ စနေနေ့။ | Saturday , 19 November 2016 | (၈၇၅၀)


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများ ပေးအပ်

သတင်း စာမျက်နှာ » ၃

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှနှင့် ဥရောပနိုင်ငံများမှ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများနှင့် တွေ့ဆုံ

သတင်း စာမျက်နှာ » ၃



**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၆)တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အဖွင့်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်ခံရမှု နိုင်ငံတော်အဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့ ဖွဲ့စည်းစုံစမ်းစစ်ဆေးသွားမည်

## ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၆)ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၁၆) ကို ယနေ့ မွန်းလွဲ ၂နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အတွင်း လတ်တလော ဖြစ်ပေါ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုသို့ရှင်းလင်းရာတွင် နိုင်ငံတကာအဖွဲ့အစည်းများက မောင်တောဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးနေမှုနှင့်စပ်လျဉ်း၍ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၁၅ ရက် အထိ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

### လက်ရှိ ထောက်ပံ့ကူညီလျက်ရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက် ဖြန့်ခွဲပို့ဆောင်နိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားမည်




## ကြေးမုံ

# အခြေမပျက် အနေမပျက်

လူ၏သဘာဝမှာ လူသည် အတွင်းအဇ္ဈတ္တသန္တာန်ကို ပြုပြင်ပြောင်းလဲရန် အလွန်ခက်ခဲသော သတ္တဝါဖြစ်သည်။ လုပ်နေမြဲဖြစ်အောင်လုပ်နေကျ အတိုင်း မဖြစ်မနေဆက်လက်လုပ်ကိုင်လိုသည့် စိတ်ဆန္ဒခွန်အားမှာ အလွန်ပြင်းထန်သည်။ ထိုအခါ အပြောင်းအလဲတစ်ခုကို အလွယ်တကူပြု ရန် ခဲယဉ်းသည်မှာ သဘာဝကျသည်။

မျက်မှောက်ကာလတွင် ယခင်ပုံမှန်လုပ်ရိုးလုပ်စဉ်အလုပ်မှ လုပ်ငန်းစဉ်အသစ်သို့ အများပြည်သူအကျိုးအတွက် ပြောင်းလဲလုပ်ဆောင်ရန် ကြိုးပမ်းလာကြသည်။ ထိုအခါ အခက်အခဲများ၊ စိန်ခေါ်မှုများ ကြုံတွေ့လာရသည်။ လိုအပ်ချက်များရှိသောအခါ ပြစ်တင်ဝေဖန်မှုအမျိုးမျိုး ရှိလာသည်မှာ ဓမ္မတာဖြစ်သည်။

စီးပွားရေးနှင့်ပတ်သက်၍ အပြောင်းအလဲပြုလုပ်ရန်မှာ အလွန်ခဲယဉ်းသလို အကျိုးအပြစ်အပေါ်တွင် ဂယက်ရိုက်ခတ်မှုမှာ ပြင်းထန်သည်။ ဈေးကွက်စီးပွားရေးစနစ်တွင် လမ်းကြောင်းပေးသည်မှာ အစိုးရဖြစ်ပြီး အဓိကမောင်းနှင်ကြသူများမှာ ပုဂ္ဂလိကစီးပွားရေးသာဖြစ်သည်။ အကျိုးသက်ရောက်မှုနှင့် ဂယက်ရိုက်ခြင်းခံရသူများမှာ အစိုးရနှင့်ပြည်သူလူထုပင်ဖြစ်သည်။ အမှန်တကယ်တွင် ပြည်သူလူထုအကျိုးစီးပွားအတွက် တာဝန်ယူရမည့်သူမှာ အစိုးရသာမက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများလည်း တာဝန်ရှိပါသည်။

စီးပွားရေးလုပ်ငန်းများတွင် အတ္တပရမ္မတစ္စာဖြင့် သမ္မာအာဇီဝ လုပ်ကိုင်ဆောင်ရွက်ကြသူများရှိသလို ကိုယ်ကျိုးအမြတ်တစ်ခုတည်း သာကြည့်ပြီး ကြီးပွားသည်ထက်ကြီးပွားအောင်၊ အခြေပျက်အနေပျက်မဖြစ်အောင် နေလိုသူများကြီးစိုးနေသည်မှာ ယခုမှသာမဟုတ်၊ ရှေးကာလကတည်းက ရှိခဲ့သည်။ မြန်မာနိုင်ငံတွင်သာမဟုတ်၊ ကမ္ဘာ့နိုင်ငံကြီးများတွင်လည်း ရှိသည်။

၁၉၇၇ ခုနှစ်က အမေရိကန်သမ္မတ ဂျင်မီကာတာက "ကျွန်တော်တို့ သယံဇာတတွေ သိပ်ကုန်ခန်းကုန်ပြီ စွမ်းအင်သုံးစွဲမှုကို ပြန်ညှိဖို့လိုပြီ" ဟု သတိပေးစကားပြောကြားခဲ့ဖူးသည်။ အမေရိကန်ဆိုသည်မှာ အရာရာတွင် ကြွယ်ဝသည်။ အလျှံပယ်ပေါများသည်။ လူမှုဘဝတွင် အသုံးဝင်နေသော စွမ်းအင်ကိုလျှော့မသုံးချင်။ ထို့ကြောင့် အမေရိကန်သမ္မတ၏ သတိပေးစကားကို မည်သူမျှလက်ခံခဲ့ခြင်း၊ ပြောင်းလဲကျင့်သုံးခဲ့ခြင်း မရှိခဲ့ချေ။

စွမ်းအင်ခြိုးခြံချွေတာရေး၊ စွမ်းအင်သုံးစွဲမှု ပြုပြင်ပြောင်းလဲရေး တိုက်တွန်းနှိုးဆော်ခဲ့သော အမေရိကန်သမ္မတအတွက် အကျိုးရလဒ်များ ရှိလာခဲ့သည်။ ရုပ်ဝတ္ထုကြွယ်ဝချမ်းသာမှုကို အထိမခံသော အမေရိကန်လူ့အဖွဲ့အစည်းက အမေရိကန်သမ္မတ၏ တိုက်တွန်းမှုကို တုံ့ပြန်လိုက်သည်မှာ ရွေးကောက်ပွဲတွင် ဂျင်မီကာတာ ရှုံးနိမ့်သွားခြင်းပင်ဖြစ်သည်။

ဖွံ့ဖြိုးပြီးအနောက်နိုင်ငံများတွင် စွမ်းအင်ခြိုးခြံချွေတာရေးအတွက် သမ္မတဂျင်မီကာတာ သတိပေးစကား မပြောကြားမီကတည်းက ဖြေရှင်းနည်းများ ရှိခဲ့ပြီးဖြစ်သည်။ ယနေ့ထက်တိုင်လည်း ထိုဖြေရှင်းနည်းများ ရှိနေဆဲဖြစ်သည်။ သို့သော် ထိုဖြေရှင်းနည်းကို ထိုစဉ်ကတည်းမှ ယနေ့ထက်တိုင် စီးပွားရေးလုပ်ငန်းရှင်များက ကမ္ဘာလောကကြီး အကျိုးကို ရှေးရှု၍ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်း မရှိချေ။

ယနေ့ခေတ်တွင် မော်တော်ယာဉ်အသုံးပြုသူ ၈၀ ရာခိုင်နှုန်း နေ့စဉ်အသုံးပြုရန်လုံလောက်သည့် တစ်နေ့လျှင် ၅၃ မိုင်နှုန်း မောင်းနှင်နိုင်သည့် ကားတစ်မျိုးကို ၁၉၆၃ ခုနှစ် ဂျာမန်ကားကုမ္ပဏီ ဒိမ်းမလားဘင့်ဇ်က လျှပ်စစ်ဘင့်ဇ်ကားတစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။ စွမ်းအင်ချွေတာသုံးစွဲနိုင်သည့် မျိုးကွဲများကို ပေါင်းစပ်ထားသည့် ကားသစ်တစ်မျိုးကို ၁၉၇၀ ခုနှစ်အစောပိုင်းက ဂျပန်ကားကုမ္ပဏီ ဟွန်ဒါက ထုတ်လုပ်ခဲ့သည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော လျှပ်စစ်ကားတစ်မျိုးကို ၁၉၈၀ ခုနှစ်နောက်ပိုင်းတွင် ပြင်သစ်ရေနွားကားကုမ္ပဏီက ထုတ်လုပ်ခဲ့သည်။ ယခုနောက်ပိုင်းတွင် လျှပ်စစ်ကားများ တီထွင်ထုတ်လုပ်မှုများရှိခဲ့သည်။ သို့သော် ပေါ်မလာချေ။

ဤကဲ့သို့သော လူသားအကျိုးပြုတီထွင်ထုတ်လုပ်မှုတစ်ခု ကားဈေးကွက်သို့ အဘယ်ကြောင့် ရောက်မလာပါသနည်း။ ဈေးကွက်ကို ချုပ်ကိုင်ချယ်လှယ်နိုင်ခြင်း သို့မဟုတ် အခြေမပျက်၊ အနေမပျက်မဖြစ်လိုသူများ ကြီးစိုးထားခြင်းကို သတိပြုစေလိုရင်းဖြစ်ပါသည်။ ။

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် ရန်ကုန်-မော်လမြိုင် ခရီးရှည် Wheelchair တွန်းခြင်းအစီအစဉ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

ကမ္ဘောဇဘဏ်လီမိတက်မှ အဓိက ပံ့ပိုးကူညီဆောင်ရွက်ပေးသော ၂၀၁၆ ခုနှစ် International Day of Persons with Disabilities အကြိုလှုပ်ရှားမှု အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် ရန်ကုန်-မော်လမြိုင် ခရီးရှည် Wheelchair တွန်းခြင်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီက ကမ္ဘောဇဘဏ်လီမိတက် ကမာရွတ်ဘဏ်ခွဲ(၂)တွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် လူမှုရေးနှင့် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဦးညီညီက ယခုလိုကိုယ့်ခွန်ကိုယ့်အားဖြင့် ခရီးရှည်အဝေးကြီးကို သွားမည်ဟု ထင်မှတ်မထားမိသောကြောင့် အံ့သြမိပါကြောင်း၊ မသန်ပေမယ့် စွမ်းဆောင်နိုင်တာတွေကို တွေ့မြင်ရတဲ့အတွက်လည်း လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုဝမ်းသာ လေးစားမိပါကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်ကိုမြင့်ကလည်း ဘဝတူမသန်စွမ်းသူများအရေးကို စိတ်ပါဝင်စားစွာ ဆောင်ရွက်ပေးပါသော ကမ္ဘောဇဘဏ်နှင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ အစီအစဉ်တွင် ပါဝင်ပေးကြသော အဖွဲ့များအားလုံးနှင့် စွမ်းရည်ပြအစီအစဉ်မှာပါဝင်ကြတဲ့ ညီအစ်ကိုမောင်နှမများအားလုံးကို အထူးပင် ကျေးဇူးတင်မိပါကြောင်း၊ ယခု အခမ်းအနားသည် ဒီဇင်ဘာလ ၃ ရက်မှာကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုဂုဏ်ပြုခြင်း အခမ်းအနားဖြစ်ပါကြောင်းနှင့်ဆက်လက်၍လည်း မသန်စွမ်းသူများအရေးကို အားလုံးအတူ ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ မခမမ (ရန်ကုန်မျက်မမြင်ကျောင်း) ဒုတိယကျောင်းအုပ် ဒေါ်မြသီတာလွင်က မခမမ အနေဖြင့် မျက်မမြင်များ စာပေတတ်မြောက်ရေး၊ လူ့ဘောင်အဖွဲ့အစည်းအတွင်းထဲမှာ တန်းတူရည်တူ ညီမျှပါဝင်နိုင်ရေး၊ မျက်မမြင်အချင်းချင်း မိတ်ဖွဲ့ပူးပေါင်းပြီး လုပ်ငန်းများ လုပ်ဆောင်နိုင်ရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း မြန်မာပြည်တစ်ဝန်းလုံးမှာရှိတဲ့ မျက်မမြင်အားလုံးရဲ့ အကျိုးအတွက်ရည်စူးပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးအောင်ကျော်စိုးက ဝမ်းမြောက်စကား ပြောကြားပြီးနောက် ကမ္ဘောဇဘဏ်လီမိတက်မှ အမှုဆောင်ဒါရိုက်တာ ဒေါ်နန်းလိုင်းခမ်းနှင့် မသန်စွမ်းအသင်းချုပ်၏ ဒုဥက္ကဋ္ဌ ဦးသိန်းလွင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားအပြီးတွင် ရန်ကုန်-မော်လမြိုင် ခရီးရှည် Wheelchair အဖွဲ့အား အင်းလျားကန် တံတားဖြူမှတ်တိုင်အထိ ကမ္ဘောဇဘဏ်လီမိတက်မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဂုဏ်ယူစွာ လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။ **(ဝ၁ဝ)**

# ဝန်ထမ်းများ ပြည်သူ့အကျိုးဖော်ဆောင်ရန်နှင့် အဂတိလိုက်စားမှုကင်းရှင်းရေး ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဝန်ထမ်းများ ပြည်သူ့အကျိုးဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန်နှင့် အဂတိလိုက်စားမှုကင်းရှင်းရေး ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၇ ရက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် စာရေးဆရာ မောင်ပွင့်ညဏ်(မောရ)က ဟောပြောပြီး ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းရွှေက ပြည်သူ့အကျိုးဖော်ဆောင်ရန်နှင့် အဂတိလိုက်စားမှုကင်းရှင်းစေရန်အတွက် ချပြဆွေးနွေးပြီး ဝန်ထမ်းများမှလည်း ပြည်သူ့အကျိုးဖော်ဆောင်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အားနည်းချက်များကို ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဘူတန်ဘုရင့်နိုင်ငံ သံအမတ်ကြီးက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘူတန်ဘုရင့်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရှိဝမ် ရှော့ဖယ်(လ်) ဒိုဂျီသည် ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဟိုင်းဒါ ခရမ် ဒီဗန်လယ်အိုလူသည် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ကနေဒါနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ ကယ်ရင် အန်နီတာ မက်အာသာသည် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားများသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ကနေဒါနိုင်ငံ သံအမတ်ကြီးက ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာရှနှင့် ဥရောပနိုင်ငံများမှ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးများနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ၊ လစ်သူယေးနီးယားနိုင်ငံ၊ ခရိုအေးရှားနိုင်ငံ သံအမတ်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော ဘူတန်နိုင်ငံ သံအမတ်ကြီးတို့အား ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်အား နံနက် ၁၀ နာရီတွင် လည်းကောင်း၊ လစ်သူယေးနီးယားနိုင်ငံ သံအမတ်ကြီး မစ္စ အီနာမာစီယိုလီယိုညက်အား နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ ခရိုအေးရှားနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရက်ဆိုဂလာဗာ့(ဂ်)အား ၁၀ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ ဗန်ကောက်မြို့အခြေစိုက် ဘူတန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ရှိဝမ် ရှော့ဖယ်(လ်) ဒိုဂျီအား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လည်းကောင်း လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဘူတန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

# ယုံကြည်စိတ်ချရသည့် ခေါင်းဆောင်တစ်ဦးအဖြစ် ဒေါ်နယ်ထရန့်ကို ဝန်ကြီးချုပ်အာဘေးချီးကျူး

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

အမေရိကန်သမ္မတအဖြစ် တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်သည် မိမိတို့အတွက် ယုံကြည်စိတ်ချရသည့် ခေါင်းဆောင်တစ်ဦးဖြစ်သည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေးက ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ်အာဘေးသည် ထရန့်အား နိုဝင်ဘာ ၁၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ သမ္မတရွေးကောက်ပွဲကာလအတွင်း ထရန့်၏ ထုတ်ဖော်ပြောကြားခဲ့မှုများကြောင့် ဂျပန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား မဟာမိတ်ဖွဲ့မှုအနေအထား ပျက်ပြားသွားနိုင်ခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့ပြီးနောက် ဝန်ကြီးချုပ်အာဘေးသည် ထရန့်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ မင်ဟက်တန်အရပ်၌ တည်ရှိသော ထရန့်တာဝါအဆောက်အအုံတွင် ဝန်ကြီးချုပ် အာဘေးနှင့် ထရန့်တို့ မိနစ် ၉၀ ကြာမျှ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



မိမိတို့အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သည့် ဆွေးနွေးမှုဖြစ်ကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားသည်။ အာဘေးနှင့် ထရန့်တို့သည် အလွတ်သဘော ဆွေးနွေးခြင်းဖြစ်သဖြင့် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

**ရိုက်တာ။**

# တောင်တရုတ်ပင်လယ်တွင်းရှိ ကျွန်းတစ်ကျွန်းပေါ်၌ ဗီယက်နမ်က လေယာဉ်ပြေးလမ်းတိုးချဲ့မှုပြုလုပ်နေဟုဆို

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

ပိုင်နက်နယ်မြေဆိုင်ရာ တောင်းဆိုမှုများရှိနေသည့် တောင်တရုတ်ပင်လယ်ဒေသအတွင်းရှိ ကျွန်းတစ်ကျွန်းပေါ်၌ ဗီယက်နမ်က လေယာဉ်ပြေးလမ်းတစ်ခုကို တိုးချဲ့မှုပြုလုပ်နေသည်ဟု အမေရိကန် သုခမိန်အဖွဲ့အစည်းတစ်ခုက ထုတ်ပြန်သည့် အစီရင်ခံစာတစ်ခုတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် အဆိုပါဒေသတွင်း၌ လူလုပ်ကျွန်းများ တည်ဆောက်ကာ စစ်ရေးအဆောက်အအုံများ တိုးမြှင့်နေခြင်းကို ဗီယက်နမ်က တုံ့ပြန်လုပ်ဆောင်သည့် လက္ခဏာဖြစ်ပုံရကြောင်း အမေရိကန်ပြည်ထောင်စု ဝါရှင်တန်အခြေစိုက် အာရှပင်လယ်ရေကြောင်း ပွင့်လင်းမြင်သာရေး အစီအစဉ်အမည်ရှိ သုတေသနအဖွဲ့က ပြောကြားသည်။

ယခုလအတွင်း ရိုက်ယူခဲ့သော ဂြိုဟ်တုဓာတ်ပုံများအရ စပရက်တလီကျွန်းပေါ်ရှိ အလျားမီတာ ၇၆၀(ပေ ၂၅၀၀) ခန့်ရှိ လေယာဉ်ပြေးလမ်းကို ပေ ၃၃၀၀ (တစ်ကီလိုမီတာ) ကျော်အထိ တိုးချဲ့လျက်ရှိသည်ကို တွေ့ရှိရကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် လေယာဉ်ပြေးလမ်းတိုးချဲ့နိုင်ရေးအတွက် မြေသားဖို့ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိပြီး အဆိုပါ လေယာဉ်ပြေးလမ်းကို ပေ ၄၀၀၀ ကျော် (၁ ဒသမ ၂ ကီလိုမီတာ)အထိ ထပ်မံတိုးချဲ့သွားနိုင်သည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။

ဗီယက်နမ်က လေယာဉ်ပြေးလမ်းတိုးချဲ့ အဆင့်မြှင့်တင်မှု ပြုလုပ်ခြင်းကြောင့် အဆိုပါကျွန်း၌ တိုက်ခိုက်ရေး လေယာဉ်များ၊ သယ်ယူပို့ဆောင်ရေး လေယာဉ်များနှင့် ရေကြောင်းကင်းထောက်လေယာဉ်များ ဆင်းတက်နိုင်စွမ်း ရှိလာမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း စပရက်တလီကျွန်းတွင် မြေသားဧရိယာတိုးချဲ့ခြင်းကို ၅၇ ဧက (၂၃ ဟက်တာ)ခန့်အထိ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့လုပ်ဆောင်ခဲ့မှုမှာ တရုတ်နိုင်ငံ၏ ကျွန်းတုတည်ဆောက်မှု စီမံချက်များထက် နိမ့်ကျကြောင်း အစီရင်ခံစာ၌ ဖော်ပြသည်။

**ရိုက်တာ။**



# လူလိုက်ပါသော အာကာသယာဉ် ကမ္ဘာမြေပေါ်သို့ အောင်မြင်စွာဆင်းသက်

**ပေကျင်း နိုဝင်ဘာ ၁၈**

တရုတ်နိုင်ငံ၏ ရှင်ကျိုး-၁၁ အာကာသယာဉ်သည် ကမ္ဘာမြေပြင်သို့ နိုဝင်ဘာ ၁၈ ရက်တွင် ပြန်လည်ဆင်းသက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းအရ ကမ္ဘာပတ်လမ်းကြောင်းအတွင်း အချိန်အကြာဆုံး ခရီးနှင်သည့် သမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်သည့် ခရီးစဉ်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တရုတ်အာကာသယာဉ်မှူး နှစ်ဦးလိုက်ပါခဲ့သော အာကာသယာဉ်သည် မြေပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ပြီးနောက် အာကာသအစီအစဉ်၏ ဝန်ထမ်းများက ၎င်းတို့ ဆင်းသက်ရာနေရာ၌ နိုင်ငံတော်အလံကို အပြေးအလွှား စိုက်ထူခဲ့ကြသည်။ ထိုစဉ်အတွင်း အာကာသခရီးစဉ် ထိန်းချုပ်ရေးဌာနရှိ ဝန်ထမ်းများက ဝမ်းမြောက်စွာ အောင်ပွဲခံခဲ့ကြသည်။



အာကာသယာဉ်မှူးများကို အာကာသစခန်းတည်ရှိရာသို့ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်သွားခဲ့ကြောင်း၊ အာကာသယာဉ်မှူးများ ကျန်းမာရေးကောင်းမွန်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အာကာသခရီးစဉ်မှာ လုံးလုံးလျားလျားအောင်မြင်မှုရရှိသည်ဟု လူလိုက်ပါသော အာကာသအစီအစဉ်၏ အကြီးအကဲ ကျန်ယုရှားက ထုတ်ပြန်ကြေညာသည်။

ကျင်ဟိုင်ပင်းနှင့် ချန်းတုန်အမည်ရှိ အာကာသယာဉ်မှူးနှစ်ဦး၏ ကမ္ဘာပတ်အာကာသခရီးစဉ်မှာ ၃၃ ရက်ကြာမြင့်ခဲ့သည်။

စက်တင်ဘာလအတွင်း လွှတ်တင်ခဲ့သည့် တီယန်ကောင်-၂ အာကာသ သုတေသနစခန်းယာဉ်ပေါ်တွင် အာကာသယာဉ်မှူးများက ဆန်စပါးနှင့် ဟင်းခတ်အမွှေးအကြိုင်ပင်တစ်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ကြသည်။

တရုတ်နိုင်ငံသည် အမေရိကန်နှင့် ဥရောပနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် အာကာသအစီအစဉ်ကို ငွေကြေးအမြောက်အမြား ကျခံသုံးစွဲကာ အကောင်အထည်ဖော်လျက်ရှိသည်။

**ရိုက်တာ။**

# ကြိုတင်အသိပေးခြင်းမရှိဘဲ ရေဖောက်ထုတ်ခဲ့သဖြင့် ရေအားလျှပ်စစ်ရေလှောင်တမံတစ်ခု ဒဏ်ငွေပေးဆောင်ရ

**ဟနွိုင်း နိုဝင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဟာတင်န်ခရိုင်ရှိ ရေအားလျှပ်စစ်ရေလှောင်တမံတစ်ခုသည် အောက်တိုဘာလက ဒေသခံပြည်သူများအား အသိပေးခြင်းမရှိဘဲ ရေများထုတ်လွှတ်ခဲ့ခြင်းကြောင့် အမေရိကန်ဒေါ်လာ ၅၂၀၀ ခန့် ဒဏ်ငွေပေးဆောင်ခဲ့ရကြောင်း သိရသည်။

အောက်တိုဘာ ၁၅ ရက်တွင် ဟိုဟိုရေလှောင်တမံမှ ရေများထုတ်လွှတ်ခဲ့ခြင်းကြောင့် ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ပြီး လူနေအိမ် ၅၀၀၀ ခန့်ရေနစ်မြုပ်ကာ လူကိုးဦးသေဆုံးခဲ့သည်။ ယင်းရေကြီးမှုသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု လူအများအပြားက ထင်မြင်ယူဆခဲ့ကြသည်။

ဟိုဟိုရေလှောင်တမံသည် တစ်စက္ကန့်တွင် ရေကုဗမီတာ ၅၀၀ မှ ၁၈၀၀ ထိ ထုတ်လွှတ်ခဲ့ခြင်းကြောင့် လုံခြုံရေးစည်းမျဉ်းများချိုးဖောက်ရာ ရောက်ခဲ့ခြင်းဖြစ်သည်ဟု စုံစမ်းစစ်ဆေးသူများက ဆိုသည်။ ရေလှောင်တမံမှ ရေများထုတ်လွှတ်စဉ်တွင် ဒေသခံပြည်သူများအား အသိပေးခြင်း မရှိခဲ့ကြောင်း ဒေသန္တရအွန်လိုင်းသတင်းစာ ဗီအင်န်အိတ်စပရက်စ်က ယနေ့သတင်းထုတ်ပြန်ထားသည်။

အဆိုပါဖြစ်စဉ်ကဲ့သို့ ရေလှောင်တမံမှ ရေများထုတ်လွှတ်ခြင်းကြောင့် ရေကြီးရေလျှံမှုများ ဗီယက်နမ်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သည်မှာ ပထမဆုံးအကြိမ်မဟုတ်တော့ပေ။ အထူးသဖြင့် နိုင်ငံ၏အလယ်ပိုင်းဒေသတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် ကွန်နမ်ခရိုင်ရှိ ဗူရောင်းရေလှောင်တမံသည် တိုင်ဖုန်းမုန်တိုင်း ကတ်ဆာနာဝင်ရောက်တိုက်ခတ်နေစဉ်အတွင်း ရေကုဗမီတာသန်း ၁၅၀ ခန့် ဖောက်ထုတ်ခဲ့ရာ ရေကြီးရေလျှံမှုများ ဆိုးရွားစွာဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၆၃ ဦးသေဆုံးကာ အမေရိကန်ဒေါ်လာ ၇၈၆ သန်းတန်ဖိုးရှိ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ရေလှောင်တမံကိုးခုမှ ရေများဖောက်ထုတ်ခဲ့ရာ နိုင်ငံ၏အလယ်ပိုင်းဒေသတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၄၁ ဦးခန့် သေဆုံးခဲ့သည်ဟု ဗီအင်န်အိတ်စပရက်စ် သတင်းစာက ဆိုသည်။

**ဆင်ဟွာ။**





မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး (၅/၂၀၁၆)တွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

# ဒီမိုကရေစီမူဝါဒ သဘောထားပါသည့် ဥပဒေများ ပြဋ္ဌာန်းနိုင်မှသာ အစိုးရအဖွဲ့များကလည်း ဥပဒေနှင့်အညီ အုပ်ချုပ်နိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU)အစည်းအဝေး (၅/၂၀၁၆) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်ရုံးဝန်ထမ်းဖွဲ့စည်းပုံကို သီးခြားစီ ခွင့်ပြုမိန့်ရရှိရေး ကူညီဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ထားပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောထားကို နိုင်ငံတော်သမ္မတရုံးမှ ပေးပို့လာမှုအပေါ် ယခင်အစည်းအဝေး (၄/၂၀၁၆) တွင် ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ရုံးများ၏ ဖွဲ့စည်းပုံကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံတွင် ထည့်သွင်းဆောင်ရွက်ရန်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးကို မိခင်ဌာနအဖြစ် သတ်မှတ်ဆောင်ရွက်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတရုံးသို့ သဘောထားပြန်ကြားခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံးများ၏ ဖွဲ့စည်းပုံကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံတွင် ထည့်သွင်းဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရန်ပေးပို့ထားသည့် အချက်(၃) ချက်ကို တက်ရောက်လာကြသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် လွှတ်တော်၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ဒီမိုကရေစီမူဝါဒသဘောထားပါသည့် ဥပဒေများ ပြဋ္ဌာန်းနိုင်မှသာ သက်ဆိုင်ရာ အစိုးရအဖွဲ့များကလည်း ဥပဒေနှင့်အညီ အကောင်အထည်ဖော် အုပ်ချုပ်နိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်၏ အခန်းကဏ္ဍ ပီပီပြင်ပြင်ဆောင်ရွက်ရန် သီးခြားဝန်ထမ်းမရှိသဖြင့် အခြားဌာနမှ ဝန်ထမ်းများကို မှီခိုအားထားနေရလျှင် အခက်အခဲရှိပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံးများ၏ ဖွဲ့စည်းပုံကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံတွင် ထည့်သွင်းဖွဲ့စည်းရေးကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသည့် အချက် (၃) ချက်အနက် အကောင်းဆုံးဖြစ်မည့်အချက်ကို ဆွေးနွေးညှိနှိုင်းရွေးချယ်ပြီး ပြန်လည်တင်ပြသွားရေးဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က အစည်းအဝေး (၄/၂၀၁၆) ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့်မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များဖြစ်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများက လွှတ်တော်ရုံး သီးခြားစီ ဖွဲ့စည်းနိုင်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးမှ ပေးပို့လာသည့်အချက်(၃)ချက်အပေါ် ယင်းတို့၏ သဘောထားများကို တင်ပြဆွေးနွေးကြပြီး ယခင်အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၆) တွင် ဆုံးဖြတ်ခဲ့သည့်အတိုင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရုံးများ ဖွဲ့စည်းပုံကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ဖွဲ့စည်းပုံတွင် ထည့်သွင်းဆောင်ရွက်ရန်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးကို မိခင်ဌာနအဖြစ် သတ်မှတ်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဝင်များ ဖြစ်ကြသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဒုတိယဝန်ကြီးတာဝန်မှ ရပ်စဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၅၉/၂၀၁၆
၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

**ဒုတိယဝန်ကြီးတာဝန်မှ ရပ်စဲခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၉၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာထွန်းဝင်းကို တာဝန်မှ ရပ်စဲလိုက်သည်။

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## 'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၁ / ၂၀၁၆ )
၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
( ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် )

**"ဝ"လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ နယ်မြေ(၂)၊ ရပ်ကွက်(၁)၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၁/က)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ**အား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**'ဝ'လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၁၀၁) ဖြစ်ပါသည်။

**အမိန့်အရ**

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား တွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဂျပန်နိုင်ငံ စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဟောင်း Mr. Hideo WATANABEနှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေနိုင်မည့် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုပိုမိုပြုလုပ်ရေး၊ မီးရထားပို့ဆောင်ရေးစနစ်အဆင့်မြှင့်တင်ရေး၊ သင်္ဘောဆိပ်ကမ်း စသည့် သယ်ယူပို့ဆောင်ရေးကို အထောက်အကူပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရေး၊ တပ်မတော်သင်တန်းကိစ္စရပ်များနှင့် မသန်စွမ်းစစ်သည်များအတွက် အိမ်တွင်းမှုလုပ်ငန်းငယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အား အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေဖို့

## အောင်ကျော်ညို(ဆင်ချဆိပ်)

"စောစောအိပ်ထ၊ ပြုကျင့်က၊ တွင်းပကိုယ်ခန္ဓာ၊ ရောဂါခပ်သိမ်း ရှောင်ခွာတိမ်း၊ ကင်းငြိမ်းလွန်ချမ်းသာ"။ ငယ်ငယ်တုန်းကသင်ခဲ့ရသည့် ကျန်းမာရေးဆိုင်ရာ လင်္ကာလေးတစ်ပုဒ်ပါ။ ဤလင်္ကာလေးအတိုင်းပင် စောစောအိပ်ထသည့် အလေ့အကျင့်ကောင်း ငယ်ငယ်တုန်းက ရှိခဲ့ဖူးသည်။ တောသူတောင်သား မိဘနှစ်ပါး၏ ကျေးဇူးကြောင့်ပင် ဖြစ်ပါသည်။ ကျွန်တော်တို့ လူလားမြောက်ရာ တောအရပ်မှာ ရွာဦးကျောင်းမှ တုန်းမောင်းခေါက်သံသည် ဒေသ၏ စံတော်ချိန်ဟု ဆိုရပါမည်။ တုန်းမောင်းခေါက်သံနှင့်အတူ ကျွန်တော်တို့ ပုံမှန်နိုးထကြရပြီ။ အိမ်ဦးခန်းမှ အဖေ့ဘုရားရှိခိုးသံ၊ မီးဖိုချောင်မှ အမေ့ထမင်းချက် အိုးသံ၊ ခွက်သံ၊ ကျွန်တော်တို့ ညီအစ်ကို စာအံသံများက မိသားစု၏ နံနက်ချိန်ခါ သုတိမင်္ဂလာ သံစဉ်များဟု ဆိုရပါမည်။ ကျွန်တော်တို့ မိသားစုမှ မဟုတ်ပါ။ လက်လုပ်လက်စား ရပ်ကွက်ပီပီ၊ စောစောစီးစီး လုပ်ငန်းခွင်ဝင်နိုင်ဖို့ စောစောနိုးထ ချက်ကြ၊ ပြုတ်ကြ၊ အလုပ်များကြသည့်တောဓလေ့ဟု ဆိုရပါမည်။

ယခု ရန်ကုန်ရောက်ပြီးမှ ထိုအလေ့အကျင့်များ ပျက်ပြယ်သွားခဲ့ရပါပြီ။ လွမ်းမောစရာ တုန်းမောင်းခေါက်သံလည်း မကြားရ ကြာခဲ့ပါပြီ။ သို့သော် နံနက်လင်းသည်နှင့် ခေါင်းရင်းဘက် မှန်ပြတင်းကို တဒေါက်ဒေါက်နှင့် လာခေါက်နေကြ ဇရက်မောက်တင်လေးတစ်ကောင် ရှိနေသည်။ မှန်အရိပ်မှာ လာထင်သော သူ့ပုံရိပ်ကို အခြားတစ်ကောင်ဟု ထင်မှတ်ပြီး ရန်ပြုနေခြင်းဖြစ်သည်။အိမ်ရှေ့ပန်းခြံမှလည်း ချိုးငှက်သံ၊ စာကလေးသံများ သောသောညံနေပြီ။ မကြာလိုက်ပါ စူးရှသောနေရောင်ခြည်က ပြတင်းပေါက်မှ စူးစူးရဲရဲ တိုးဝင်လာချိန် မှေးနေ၍မရ၊ ထရပြီ။

အမေသာရှိလျှင် ယခုလိုနေထွက်အောင်ထိ အိပ်စက်သည်ကို လက်ခံမည်မဟုတ်။ "လူဆိုတာ ငှက်ကျော်၊ ကျီးကျော် မအိပ်ကောင်းဘူး။ အသက်တိုတတ်သည်။ ငှက်မနိုး၊ ကျီးမနိုးခင် ထရတယ်" အမေဆုံးမနေကျ ဩဝါဒစကား။ စကားနောက် တရားပါ ဆိုသလို အမေကိုယ်နှိုက်က စောစောနိုးထသလို ကျွန်တော်တို့လည်း ထိုအတိုင်းပင်။ အမေ့စကားသည် အမေသက်ရှိထင်ရှားရှိစဉ်မှာ သက်ရောက်မှုရှိနေခဲ့လည်း အမေကွယ်လွန်ပြီးချိန် အမေနှင့်အတူ တမလွန်သို့ ပါသွားပြီ။

နံနက်လင်းချိန် လတ်ဆတ်သော နေရောင်ခြည်အောက်မှာ သန့်ရှင်းသော လေနုအေးကို ရှူရှိုက်ရင်း နေ့သစ်ကို အစပြုကြရစမြဲ ဆိုငြားလည်း "စောစောနိုးထသော ငှက်သည် ပိုးကောင်များကို များများဖမ်းစား၍ ရနိုင်သည်" ဆိုစကားဥပမာ၏ ဆိုလိုရင်းကို သိငြားလည်း ဤကဲ့သို့ စောစောနိုးထခြင်း အလေ့အကျင့်ကောင်း ပျက်ယွင်းသွားခဲ့သည်မှာ မြို့ပြ၏ လူနေမှုပုံစံ လက္ခဏာတစ်ရပ်ဟု ဆိုရမည်လား။

**နံနက်လင်းချိန် လတ်ဆတ်သော နေရောင်ခြည်အောက်မှာ သန့်ရှင်းသော လေနုအေးကို ရှူရှိုက်ရင်း နေ့သစ်ကို အစပြုကြရစမြဲဆိုငြားလည်း "စောစောနိုးထသော ငှက်သည် ပိုးကောင်များကို များများဖမ်းစား၍ ရနိုင်သည်" ဆိုစကားဥပမာ၏ ဆိုလိုရင်းကို သိငြားလည်း ဤကဲ့သို့ စောစောနိုးထခြင်း အလေ့အကျင့်ကောင်း ပျက်ယွင်းသွားခဲ့သည်မှာ မြို့ပြ၏ လူနေမှုပုံစံ လက္ခဏာတစ်ရပ်ဟု ဆိုရမည်လား။**

"ကိုယ်ခန္ဓာသန်စွမ်းစေဖို့၊ စိတ်နှလုံးရွှင်လန်းစေဖို့၊ ပျော်ဖို့ရွှင်ဖို့၊ ကျန်းမာစေဖို့၊ စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့"။ ငယ်စဉ်က ရေဒီယိုမှ ပုံမှန်လာနေကြ နံနက်ချိန်ခါ တေးသံသာ။ စောစောအိပ် ထရုံနှင့်မပြီး။ လမ်းလျှောက်ဖို့ပါ တိုက်တွန်းနှိုးဆော်ပေးထားသေးသည်။ သို့မှသာ ကိုယ်ခန္ဓာသန်စွမ်း စိတ်နှလုံးရွှင်လန်းကာ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာစေမည်ဟု ဆိုထားသည်။ ယခု ထိုသီချင်းသံကိုလည်း မကြားရတော့ပါပြီ။ သို့သော် အများမြင်သာသည့် နေရာအထူးသဖြင့် မြို့နယ်အားကစားကွင်းများ၏ မျက်နှာစာများတွင်ကား အားကစားနှင့် ကာယပညာဦးစီးဌာန ကျန်းမာရေးဆိုင်ရာ နှိုးဆော်စာများကို အထင်အရှား မြင်တွေ့လာနေရပါပြီ။

"သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ" ဆိုင်းဘုတ်တစ်ခုအပြင် နောက်ဆိုင်းဘုတ်တစ်ခုတွင်လည်း ဤသို့ ရှင်းလင်းရေးပြထားသည်။ "သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့"

(၁) ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင် ကျန်းမာလာစေသည်။
(၂) သက်လုံကောင်း၍ အမောခံနိုင်သည်။
(၃) အဆီလျှော့ချ၍ အဝမလွန်အောင် ထိန်းထားနိုင်သည်။
(၄) ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
(၅) ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။
(၆) အကြောအခြင်၊ အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
(၇) သွေးလည်ပတ်မှုကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
(၈) စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
(၉) နေ့စဉ်ပုံမှန် နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောဘဝကို ပိုင်ဆိုင်စေသည်။

လမ်းလျှောက်ခြင်းဖြင့် ရရှိအပ်သော အကျိုးကျေးဇူးများ။ ကဲ ဘာလိုသေးလဲ ဆိုရလောက်သည်။ မှန်၏။ စိတ်နှလုံးရွှင်လန်းစေဖို့အတွက်ကိုမူကား သီးခြားလေ့ကျင့်ပေးဖို့ လိုအပ်ပါသေးသည်။ သို့မှသာ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာ လိုရာဆန္ဒပြည့်ဝစေမည် အမှန် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ ထင်ရှားသော ယောဂီ "မဟာရီရှိ" မိန့်ဆိုချက်ကို ပေါလ်ဘရမ်တွမ်ရေးသည့် "လျှို့ဝှက်လမ်းစဉ်" စာအုပ်တွင် ဤသို့ ဖတ်မှတ်ဖူးပါသည်။ "လူသူမနိုးခင် စောစောထပြီး စိတ်အာရုံကို တစ်ခုတည်းမှာထားကာ ၁၅မိနစ်ခန့် ငြိမ်သက်စွာ တရားထိုင်ပါ။ သင်တစ်နေ့တာလုံး စိတ်ချမ်းသာလိမ့်မည်"။

ဗုဒ္ဓ၏ အဆိုအမိန့်အရ ခန္ဓာငါးပါးဟူ၍ရှိရာ ရူပခန္ဓာတစ်ခုသာလျှင် ရုပ်ခန္ဓာဖြစ်ပြီး ကျန်ခန္ဓာလေးပါးမှာ စိတ်နှင့်ဆက်နွှယ် နာမ်ခန္ဓာများဖြစ်ပါသည်။ "စိတ်ထောင်းကိုယ်ကြေ" ဆိုသောစကားသည် နာမ်ခန္ဓာလေးပါး၏ ထိရောက်မှုစွမ်းအားကို ညွှန်းဆိုထားခြင်းဖြစ်ပါသည်။ စိတ်နှင့်ကိုယ်သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ခွဲခြားမရစကောင်းသော အမှီသဟဲပြုဖက်များဖြစ်ရာ အစဉ်သဖြင့် "စိတ်ပျို ကိုယ်နု" ဖြစ်နေစေဖို့ နာမ်ခန္ဓာအိမ်များကို သန့်ရှင်းပေးနေဖို့ လိုအပ်ပါလိမ့်မည်။ "အာရောဂျံ ပရမံ လာဘံ" ဘုရားဟောဒေသနာတော်စကားနှင့်အညီ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာရှိနေဖို့ နေ့စဉ်စောစောထပြီး ၁၅ မိနစ်ခန့် တရားထိုင်ပါ။ နာရီဝက်ခန့် လမ်းလျှောက်ပါ။ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်ပါသည်။ တစ်နေ့တာ ၂၄ နာရီ အနက် တစ်နာရီနီးပါး အချိန်ကို အရင်းပြုရင်း ဘဝခရီးလမ်း ဖြောင့်တန်း ငြိမ်းချမ်းနိုင်ကြပါစေ။ ။

---

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၅ (ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၉ /၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)**

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၇၅ (ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၏ ယှဉ်ပြိုင်အရွေးခံသူ ဦးထွန်းထွန်းဝင်းက ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲ ကန့်ကွက်လွှာ အယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၇-၁၁-၂၀၁၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၂၀/၂၀၁၆) ဆုံးဖြတ်ချက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ဦးကိုကိုနိုင်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးထွန်းထွန်းဝင်း ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅ (က) အရ ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ဦးကိုကိုနိုင်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှာ ဦးထွန်းထွန်းဝင်း [၅ /အတန(နိုင်) ၀၅၃၈၉၈]ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅ (ခ) အရ သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅ (ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကို ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၀ / ၂၀၁၆ )**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)**

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅ (ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကို ကြေညာခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးအောင်မျိုးဦးက ရွေးကောက်ပွဲကန့်ကွက်လွှာတင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲ ခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၇-၁၁-၂၀၁၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ် (၁၉/၂၀၁၆) ဆုံးဖြတ်ချက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)အတွက် ဦးကျော်မြင့်အား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးအောင်မျိုးဦးဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅ (က) အရ ဆုံးဖြတ်ခဲ့သည်။

၃။ သို့ဖြစ်၍ ဦးကျော်မြင့်သည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှာ ဦးအောင်မျိုးဦး [၉/ရမသ(နိုင်)၀၈၄၅၁၆] ဖြစ်ကြောင်း သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅ (ခ) အရ သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံကို ကြိုဆိုသောအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အစီအစဉ်မရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် စတင်ကျင်းပခဲ့ပြီးဖြစ်၍ ယခုအချိန်တွင် ကြိုဆိုသောအားဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အစီအစဉ်မရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၏ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကြိုဆိုထောက်ခံသောအားဖြင့် နိုင်ငံတော်သမ္မတက အမျိုးသားလုံခြုံရေးကောင်စီ၏ ထောက်ခံချက်ရယူပြီး အကျဉ်းသူ၊ အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်ခဲ့သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များစီရင်ချမှတ်ခဲ့ပါကြောင်း၊ ထိုသို့ ပြစ်ဒဏ်များ ချမှတ်ခံရသည့် အကျဉ်းသားများအနက် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)(ခ)အရ အကျဉ်းသူ၊ အကျဉ်းသားများအား ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်များ ပေးပိုင်ခွင့်ရှိပါကြောင်း။

ထို့ပြင် နိုင်ငံတော်သမ္မတသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသည့် စည်းကမ်းချက်ထား၍လည်းကောင်း သို့မဟုတ် စည်းကမ်းချက်မထား၍ လည်းကောင်း အကျဉ်းသူ၊ အကျဉ်းသားများ ကျခံလျက်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး လွတ်ငြိမ်းသက်သာခွင့်များ ပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေး၌ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော၏ ကွန်ဟိန်းမြို့နယ်အတွင်းရှိ ကာလိမြို့နယ်ခွဲနှင့် ရပ်ကွက်၊ ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား အလုံအလောက်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်အတွင်းရှိ ကာလိမြို့နယ်ခွဲနှင့် ရပ်ကွက်၊ ကျေးရွာများအပါအဝင် တာကော်မြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး နှစ်စဉ်ဘတ်ဂျက်လျာထားတောင်းခံခဲ့သော်လည်း မရရှိခဲ့ပါကြောင်း၊ လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်များတွင် လျာထားတောင်းခံသွားမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ကာ ကာလိမြို့နယ်ခွဲမီးလင်းနိုင်ရေးအတွက် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်၏ သိန္နီမြို့နယ်ရွှေလီရေအားလျှပ်စစ် မဟာဓာတ်အားလိုင်းမှတစ်ဆင့် ကွမ်းလုံမြို့သို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကွမ်းလုံမြို့သို့ ၁၁ ကေဗွီ သိန္နီ-နမ့်စလပ် ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးမည့် အစား ၆၆ ကေဗွီ သိန္နီ-ကွမ်းလုံဓာတ်အားလိုင်း ၅၃ မိုင် သွယ်တန်း၍ ဓာတ်အားဖြန့်ဖြူးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သိန္နီ-ကွမ်းလုံဓာတ်အားလိုင်း ၅၃ မိုင်နှင့် ကွမ်းလုံတွင် ၆၆/၃၃ ကေဗွီ၊ ၃၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် စုစုပေါင်းကုန်ကျငွေကျပ် သန်း ၈၈၉၀ လိုအပ်သည့်အနက် ကျပ် ၁၈၉ ဒသမ ၉၅၁ သန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် ထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၏ ကျေးရွာဥယျာဉ်ခြံမြေအဖြစ်သာ အမည်ပေါက်နေသော သံဖြူဇရပ်မြို့ကို ပိုင်ဆိုင်မှုခိုင်မာသော မြို့အိမ်ခြံမြေဂရန်ရရှိရေးအထူးစီမံချက်ချမှတ်၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက သံဖြူဇရပ်မြို့နယ်အတွင်း မြို့မြေငှားဂရန်ရရှိရေးအတွက် မြို့မြေသတ်မှတ်စဉ်က တည်ရှိခဲ့သော မူလမြေအမျိုးအစားကို ပြောင်းလဲသတ်မှတ်နိုင်ရန် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားဆောင်ရွက်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အစီအမံချမှတ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများဆောင်ရွက်ပြီးချိန်တွင် မြေငှားဂရန်လျှောက်ထားလိုသူမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာပါက ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေနှင့် နည်းဥပဒေများအရ မြေငှားဂရန်ထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ထို့ပြင် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်းနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့၏ ပြည်ထဲရေးနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ဖြေကြားခဲ့ကြသည်။

ယင်းနောက် လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦးက ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ် တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။ **(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းဖြေကြား

**နေပြည်တော် နိုဝင်ဘာ ၁၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၏ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်တွင် ကုန်ကားကြီးများ လွတ်လွတ်ကင်းကင်းသွားလာနိုင်သည့် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အရှည် ၆ မိုင် ၇ ဖာလုံရှိသည့် လမ်းအူကြောင်းအား ရွေးချယ်ထားပါကြောင်း၊ လမ်းအူကြောင်း နယ်နိမိတ်အတွင်း ပါဝင်နေသည့် လယ်မြေ၊ ယာမြေ၊ ရွာမြေ၊ အဆောက်အအုံမြေ၊ ဂရန်မြေ၊ ငါးကန်မြေနှင့် ဥယျာဉ်မြေ စုစုပေါင်း ၉၇ ဒသမ ၀၆၄ ဧကခန့်အား လျော်ကြေးပေးချေနိုင်ရန် ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲမှုကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြို့ရှောင်လမ်း ဖောက်လုပ်ရန်နှင့် လျော်ကြေးပေးချေနိုင်ရန် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၁၀၀၀ လျာထားတင်ပြတောင်းခံခဲ့သော်လည်း ရရှိခဲ့ခြင်းမရှိသည့်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ဆက်လက်လျာထားတင်ပြတောင်းခံထားပါကြောင်း၊ ရွေးချယ်ထားသည့် လမ်းအူကြောင်းကို အသေးစိတ်တိုင်းတာရန် လမ်း၊ လေယာဉ်ကွင်း ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက လုပ်ငန်းများစတင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် လမ်းဧရိယာအတွင်း ပါဝင်သွားသော လယ်ယာမြေများအတွက် တောင်သူများ နစ်နာဆုံးရှုံးမှုနှင့်စပ်လျဉ်းသည့် မေးခွန်းအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တမူးမြို့ရှောင်လမ်း လမ်းနယ်နိမိတ်အတွင်း ပါဝင်ခဲ့သည့် လယ်ယာမြေများအတွက် လယ်ယာမြေလျော်ကြေးပေးချေနိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ နစ်နာဆုံးရှုံးသွားသည့် တောင်သူများနှင့် ညှိနှိုင်းသဘောတူညီမှု ရယူပြီးဖြစ်သည့်အတွက် ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီက စိစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်မြေယာလျော်ကြေးကို ပေးလျော်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောချစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်တို့၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**သည် ယင်းပါတီ၏အလံကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီ၏အလံကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❒ ရှေ့ဖုံးမှ

ဆန် ၂၀၂ ဒသမ ၃၀၈ တန်၊ ပဲ ၂၅ ဒသမ ၀၁၃ တန်၊ ဆီ ၄ ဒသမ ၂၁၇ တန်၊ ဆား ၂ ဒသမ ၃၇၄ တန်၊ ဘီစကွတ် ၃၅၁ ဒသမ ၂၈၆ တန်နှင့် အာဟာရမုန့် တန် ၂၀၀ ထောက်ပံ့ပေးခဲ့ကြောင်း၊ ယင်းထောက်ပံ့မှုများကို WFP ဒေသခံဝန်ထမ်းများက ဖြန့်ဖြူး ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ WFP အနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သော ကြက်ရိုးပြင်၊ ငါးစားကြူးနှင့် ပြောင်ပိုက်ကျေးရွာများသို့ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်လည်းကောင်း၊ ဝါးပိတ်ကျေးရွာသို့ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်များတွင်လည်းကောင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးပို့ဖြန့်ဖြူးခဲ့ရာ ဆန် ၁၀၁၁ အိတ်နှင့် ၄၈ ပြည်၊ ပဲ ၈၉ အိတ်၊ ဆီ ၃၆၈၈ လီတာ၊ ဆား ၃၉၄ ပိဿာနှင့် အခြားအာဟာရဖြည့်စွက် စားနပ်ရိက္ခာများ ထောက်ပံ့ကူညီခဲ့ပြီးဖြစ်ကြောင်း၊ အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့မှလည်း စားနပ်ရိက္ခာများ ပံ့ပိုးကူညီလျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း "ဒေသန္တရရဲတပ်ဖွဲ့" ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ သတင်းထွက်ပေါ်နေမှုမှာ မှားယွင်းပါကြောင်း၊ ရခိုင်ပြည်နယ်သာမက အခြား တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ဒေသန္တရရဲတပ်ဖွဲ့ဟူ၍ ဖွဲ့စည်းရန် မရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့ဝင်အင်အားဖြည့်တင်းရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ပြည်နယ် ခုနစ်ခုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ရဲတပ်သားအသစ်များစုဆောင်းနိုင်ရေး ဆောင်ရွက်ရန်သာ ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းမြတ်အေး၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တာဝန်ရှိသူများက မိမိတို့လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲအခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များအပေါ် ဆွေးနွေးကြရာ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

အစည်းအဝေးဆုံးဖြတ်ချက်အရ မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ နိုင်ငံတော်အဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းစုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရမှုအပေါ် အဖြစ်မှန်ပေါ်ပေါက်ရေးကို စုံစမ်းစစ်ဆေးရန်၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်အပေါ် အခြေခံ၍ နောင်အလားတူဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများ၊ သင်ခန်းစာဖော်ထုတ်ချက်များကို လေ့လာသုံးသပ် တင်ပြရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ လက်ရှိထောက်ပံ့ကူညီလျက်ရှိသော လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထိထိရောက်ရောက် ဖြန့်ခွဲပို့ဆောင်နိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရခိုင်ပြည်နယ်အတွင်း "ဒေသန္တရရဲတပ်ဖွဲ့" ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ သတင်းထွက်ပေါ်နေမှုမှာ မှားယွင်းပါကြောင်း၊ ရခိုင်ပြည်နယ်သာမက အခြား တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ဒေသန္တရရဲတပ်ဖွဲ့ဟူ၍ ဖွဲ့စည်းရန် မရှိပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း ရဲတပ်ဖွဲ့ဝင်အင်အားဖြည့်တင်းရန် ရည်ရွယ်၍ တိုင်းဒေသကြီး/ ပြည်နယ် ခုနစ်ခုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ရဲတပ်သားအသစ်များစုဆောင်းနိုင်ရေး ဆောင်ရွက်ရန်သာရှိ**

| ပူးတွဲပါ (၀) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| နေ့ရက် | မြို့နယ် | ရေယာဉ်အမည် | ဆန် (တန်ချိန်) | ပဲ (တန်ချိန်) | ဆီ (တန်ချိန်) | ဆား (တန်ချိန်) | အာဟာရမုန့်++ (တန်ချိန်) | ဘီစကစ် (တန်ချိန်) | စုစုပေါင်း တန်ချိန် |
| 3-Nov-16 | မောင်တော | အငှားရေယာဉ် | 60.000 | 16.000 | 0.000 | 2.000 | 22.000 | 0.000 | 100.000 |
| 4-Nov-16 | မောင်တော | အငှားရေယာဉ် | 30.000 | | 1.000 | | 40.000 | 0.000 | 71.000 |
| 8-Nov-16 | မောင်တော | အငှားရေယာဉ် | 30.000 | | | | 20.000 | 40.000 | 90.000 |
| 9-Nov-16 | မောင်တော | အငှားရေယာဉ် | 20.000 | | | | 20.000 | 30.000 | 70.000 |
| 10-Nov-16 | မောင်တော | အငှားရေယာဉ် | 25.000 | | | | 15.000 | 20.000 | 60.000 |
| 11-Nov-16 | မောင်တော | အငှားရေယာဉ် | | | | | 60.000 | 10.000 | 70.000 |
| 14-Nov-16 | မောင်တော | အငှားရေယာဉ် | | | | | 23.000 | | 23.000 |
| စုစုပေါင်း | | | 165.000 | 16.000 | 1.000 | 2.000 | 200.000 | 100.000 | 484.000 |

| နေ့ရက် | မြို့နယ် | ရေယာဉ်အမည် | ဆန် (တန်ချိန်) | ပဲ (တန်ချိန်) | ဆီ (တန်ချိန်) | ဆား (တန်ချိန်) | အာဟာရမုန့်++ (တန်ချိန်) | ဘီစကစ် (တန်ချိန်) | စုစုပေါင်း တန်ချိန် |
|---|---|---|---|---|---|---|---|---|---|
| 7-Nov-16 | ဘူးသီးတောင် | အငှားရေယာဉ် | | 4.000 | 1.000 | | 55.000 | | 60.000 |
| 11-Nov-16 | ဘူးသီးတောင် | အငှားရေယာဉ် | | | 0.000 | | 40.000 | 50.000 | 90.000 |
| 14-Nov-16 | ဘူးသီးတောင် | အငှားရေယာဉ် | | | | | | 35.000 | 35.000 |
| 15-Nov-16 | ဘူးသီးတောင် | အငှားရေယာဉ် | | | | | 55.000 | 15.000 | 70.000 |
| စုစုပေါင်း | | | 0.000 | 4.000 | 1.000 | 0.000 | 150.000 | 100.000 | 255.000 |

**၂၀၁၆ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ စ၍ WFP အဖွဲ့မှ ကျေးရွာများသို့ ထောက်ပံ့မှု အခြေပြဇယား။**




**WFP အဖွဲ့မှ ပြောင်ပိုက်ကျေးရွာသို့ ရိက္ခာထောက်ပံ့မှုကို တွေ့ရစဉ်။**

# အရပ်သားစောင့်ကြည့်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ အရပ်သားကိုယ်စားလှယ်များက အဓိကညှိနှိုင်းဆုံးဖြတ်သွားမည့်မူဝါဒကို သဘောတူချမှတ်နိုင်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဋ္ဌမအကြိမ်မြောက် အစည်းအဝေး (ဒုတိယနေ့) ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(ရန်ကုန်) တွင် ဆက်လက်ကျင်းပရာ အရပ်သားစောင့်ကြည့်ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ အရပ်သားကိုယ်စားလှယ်များက အဓိကညှိနှိုင်းဆုံးဖြတ်သွားမည့် မူဝါဒကို သဘောတူ ချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးနှင့် ပတ်သက်၍ "အဓိကအနေနဲ့ အရပ်သားစောင့်ကြည့်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အရပ်သားစောင့်ကြည့်ရေးလုပ်ငန်းတွေကို ကူညီပံ့ပိုးပေးတဲ့ အထောက်အပံ့ကို ဆုံးဖြတ်ချက်ချတဲ့ အခါမှာ ပဋိပက္ခဖြစ်တဲ့သူတွေက ဝင်ပြီးဆုံးဖြတ်ချက်တွေချတာ မဟုတ်ဘဲနဲ့ JMC-U မှာပါဝင်တဲ့ အရပ်သားကိုယ်စားလှယ်တွေက အဓိကထားပြီးတော့ ညှိနှိုင်းဆုံးဖြတ်သွားမယ်ဆိုတဲ့ အခြေခံကို ဆုံးဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ JMC ရဲ့ တစ်မူထူးခြားတဲ့ လက္ခဏာလို့လည်းပြောလို့ရပါတယ်"ဟု JMC-U အဖွဲ့ဝင် ဒေါက်တာ မင်းဇော်ဦးက ပြောကြားသည်။

ဆက်လက်၍ "လုပ်ငန်းလမ်းညွှန်တွေမှာပါမယ့် အချက်တွေ ဆွေးနွေးခဲ့တယ်။ ဥပမာ ကျေးရွာအဆင့်ရှိတဲ့ အရပ်သားစောင့်ကြည့်ရေးမူဝါဒဆိုင်ရာ ကိစ္စတွေ၊ ပူးတွဲပြီးနယ်လှည့်စောင့်ကြည့်ရမယ့် အပိုင်းတွေ၊ ပြည်နယ်မှာရှိတဲ့ ရုံးအဖွဲ့တွေဖွဲ့တဲ့ကိစ္စတွေ ပြောဖြစ်ခဲ့ပါတယ်။ နယ်လှည့်ပြီး စစ်ဆေးရမယ့်အပိုင်းနဲ့ပတ်သက်လို့ အခုကတော့ ကျွန်တော်တို့က မူအရင်ချရတာပေါ့။ မူအရ နှစ်ဖက်ပူးတွဲပြီး တပ်တွေနဲ့ စောင့်ကြည့်အဖွဲ့မှာပါတဲ့ ပြည်သူလူထုရယ် ပဋိပက္ခဖြစ်တဲ့နေရာတွေကို အတူတူသွားမယ်ဆိုလို့ရှိရင် လူထုအနေနဲ့လည်း ယုံကြည်မှုအားကောင်းလာမယ်။ နှစ်ဖက်တပ်တွေကြားမှာလည်း ပိုပြီးတော့ ရင်းနှီးမှုတွေရှိလာမယ်။ ချိုးဖောက်မှုတွေကိုလည်းလျှော့ချသွားနိုင်တယ်ဆိုတဲ့ အခြေခံနဲ့ကျွန်တော်တို့တွေ စဉ်းစားကြတာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်မှစတင်၍ သုံးရက်ကြာပြုလုပ်လျက်ရှိရာ အစည်းအဝေးသို့ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ အရပ်သားကိုယ်စားလှယ်များ ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် JMC-S မှ အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ အကြံပေးပုဂ္ဂိုလ်များ၊ နည်းပညာ အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ နည်းပညာအထောက်အကူပြုကော်မတီ (JMC-TSC) ယာယီရုံးအဖွဲ့၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာအားတင်ပြခြင်း၊ JMC-TSC အလုပ်အဖွဲ့နှင့် UNDP တို့အကြား ညှိနှိုင်းရေးဆွဲထားသော ဘတ်ဂျက်(မူကြမ်း)ကို ဆွေးနွေးအတည်ပြုခြင်း၊ လုပ်ထုံးလုပ်နည်း(SOP) များအား ဆွေးနွေးအတည်ပြုခြင်း၊ JMC-U ၏ သတ္တမအကြိမ်နှင့် အဋ္ဌမအကြိမ် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများအား ဆွေးနွေးခြင်း၊ JMC-S (ချင်း) ဖွဲ့စည်းရေး ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အပေါ် စိစစ်အတည်ပြုရေးအဖွဲ့၏ အစီရင်ခံစာ တင်ပြခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် အထွေထွေဆွေးနွေးမှုများအဖြစ် JMC-U ဒုတိယ ဥက္ကဋ္ဌ (၂) တာဝန်လွှဲပြောင်းခြင်း၊ နယ်မြေသတ်မှတ်မှု (Demarcation) ကိစ္စအားဆွေးနွေးခြင်း၊ မိုင်းရှင်းလင်းရေး (Demining) ကိစ္စအား ဆွေးနွေးခြင်းများကို ပြုလုပ်သွားမည်ဖြစ်ရာ ယမန်နေ့က (JMC-TSC) ယာယီရုံးအဖွဲ့၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာအားတင်ပြခြင်းနှင့် JMC-U ၏ သတ္တမအကြိမ်နှင့် အဋ္ဌမအကြိမ် အစည်းအဝေးကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများကို အဓိကထားဆွေးနွေးခဲ့ပြီး ကျန်ရှိနေသည့် အချက်များကို အစည်းအဝေးနောက်ဆုံးနေ့တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ-ဖေဇော်**

## ပြည်တွင်းရေးရာ

# မောင်တော၊ ရသေ့တောင် အကြမ်းဖက်ခံရမှု လေ့လာစုံစမ်းရေးကော်မတီ မောင်တောမြို့နယ် ကျေးရွာများသို့ ဒုတိယအကြိမ် ကွင်းဆင်းလေ့လာ



မောင်တော၊ ရသေ့တောင် အကြမ်းဖက်ခံရမှုလေ့လာစုံစမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်း ကြိမ်ချောင်းကျေးရွာသို့ သွားရောက်၍ နယ်မြေကွင်းဆင်းလေ့လာစဉ်။

**မောင်တော နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ်အစိုးရက ဖွဲ့စည်းပေးထားသော အောက်တိုဘာ ၉ ရက် မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ခံရမှုလေ့လာစုံစမ်းရေး ကော်မတီသည် နယ်မြေကွင်းဆင်းလေ့လာစုံစမ်းရေး ဒုတိယအကြိမ်ခရီးစဉ်အဖြစ် နိုဝင်ဘာ ၁၇ ရက်တွင် ကျီးကန်းပြင်စခန်းဌာနချုပ်၊ ခြံပြင်ကျေးရွာ၊ စံပယ်ပင်ရင်းကျေးရွာ၊ ရေမျက်တောင်ကျေးရွာ၊ ငါးခူရကျေးရွာနှင့် ကြိမ်ချောင်းကျေးရွာတို့သို့ သွားရောက်ကွင်းဆင်းလေ့လာခဲ့သည်။

ကြိမ်ချောင်းကျေးရွာ၌ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှ စွန့်ခွာလာသည့် လောင်းဒုံကျေးရွာအုပ်စု ဖော်ကီတောင်ကျေးရွာမှ မာရာမာကြီးတိုင်းရင်းသား အိမ်ထောင်စုဝင် ၁၇ စုနှင့် တွေ့ဆုံပြီး ကျေးရွာအခြေအနေနှင့် လုံခြုံရေးအခြေအနေကို မေးမြန်းခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း မောင်တောမြို့ အရေးပေါ်ကူညီထောက်ပံ့ရေးကော်မတီမှ တာဝန်ရှိသူများလည်း အတူလိုက်ပါပြီး ဆန်၊ ဆီ၊ ရေသန့်ဘူး၊ ခေါက်ဆွဲခြောက်နှင့် ငါးခြောက်ကြော်တို့ကို ဖားဝပ်ချောင်းနှင့် ကြိမ်ချောင်းကျေးရွာတို့ရှိ တိုင်းရင်းသားများနှင့် လမ်းတစ်လျှောက် လုံခြုံရေးအဖွဲ့များကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ရဟန်းရှင်လူများက ထောက်ပံ့လှူဒါန်းသည့် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်း လှူဒါန်းငွေများကိုလည်း အလှူရှင်များကိုယ်စား မောင်တောမြို့ အရေးပေါ်ကူညီထောက်ပံ့ရေး ကော်မတီက ကပ္ပကောင်းကျေးရွာ၊ ရေမျက်တောင်ကျေးရွာနှင့် ကြိမ်ချောင်းကျေးရွာတို့တွင် ပေးအပ်လှူဒါန်းခဲ့ကြသည်။

ပြည်နယ်အစိုးရက အောက်တိုဘာ ၉ ရက် မောင်တော၊ ရသေ့တောင် အကြမ်းဖက်ခံရမှုလေ့လာစုံစမ်းရေး ကော်မတီကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။

လေ့လာစုံစမ်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းက "ကျွန်တော်တို့ ဒီဒေသကို ပထမတစ်ခေါက် ရောက်ပြီးပါပြီ။ အခု ဒုတိယအကြိမ်လာတာက နယ်မြေဒေသတွေ ဘယ်လိုဖြစ်နေသလဲ၊ လူတွေရဲ့အခက်အခဲတွေ ဘယ်လိုရှိနေသလဲဆိုတာသိရအောင် လာခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ ခြံပြင်၊ စံပယ်ပင်ရင်း၊ ငါးခူရ၊ ကြိမ်ချောင်းစတဲ့ ရွာတွေကိုရောက်ခဲ့ပါတယ်။ တွေ့ခဲ့ရတဲ့ နေရာတွေနဲ့ပတ်သက်ပြီးပြောရရင် တချို့ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ရွာတွေဆို လူတွေသိပ်မတွေ့ရဘူး။ မနက်ပိုင်းဆို ရှောင်ထွက်သွားတယ်။ ညပိုင်းမှ ပြန်လာကြတဲ့ ရွာတွေလည်းရှိတယ်လို့ ပြောပါတယ်။ တချို့ရွာတွေမှာ မီးရှို့ခံထားရတာကို တွေ့ရတယ်။ ငါးခူရကျေးရွာနဲ့ ကျီးကန်းပြင်ရွာတွေမှာ မီးရှို့ခံထားရတာတွေ့ရတယ်။

စုံစမ်းကြည့်တော့ အဲဒီရွာသားတွေ ကိုယ်တိုင်က မီးရှို့သွားတယ်ဆိုတာသိရပါတယ်။ နောက်အဲဒီရွာတွေက အကြမ်းဖက်မှုနဲ့လည်း ပတ်သက်နေတယ်။ သူတို့က အစိုးရတပ်ဖွဲ့တွေက မီးရှို့တာလို့ အထင်အမြင်လွဲမှားအောင် တမင်တကာ လုပ်ဆောင်တယ်လို့ သိရပါတယ်" ဟု ပြောသည်။

"နောက်တစ်ခုက ကျွန်တော်တို့တိုင်းရင်းသားတွေ တကယ်အခက်အခဲနဲ့ ကြုံနေရတယ်။ သူတို့တွေ အပြင်မသွားရဲဘူး။ ကျွန်တော်တို့က လူနည်းစုဖြစ်တဲ့အတွက် ကျေးရွာငယ်လေးတွေက တိုင်းရင်းသားတွေဆို ဘယ်မှ မသွားရဲဘူး။ ဒေသခံလူမှုရေးအဖွဲ့အစည်းတွေရဲ့ လှူတာတန်းတာကိုစားပြီး ရွာမှာဒီအတိုင်းနေနေရတယ်။ စားရေးသောက်ရေးကြောင့် သူတို့အနေနဲ့ မောင်တောမြို့ကို ပြောင်းရွှေ့သွားလာဖို့ဆိုတာ သိပ်မလွယ်ဘူး။

တိုင်းရင်းသားတွေနေတဲ့ ရွာတွေမှာစပါးတွေက ရင့်မှည့်နေပြီ။ ကောက်ရိတ်သိမ်းဖို့အတွက် စပါးရိတ်စက်တွေ သူတို့မှာမရှိဘူး။ အစိုးရက ကူညီပေးတယ်။ အဖွဲ့အစည်းတွေက ကူညီပေးတယ်ဆိုတာလည်း လုံလောက်မှုမရှိသေးဘူး။ အမှန်တကယ်လိုအပ်နေတာက ဒီအချိန်မှာ သူတို့အတွက် ကောက်ရိတ်စက်လိုတယ်။ ခြွေလှေ့စက်လိုပါတယ်။ မဟုတ်ရင် ဒါတွေက ပျက်စီးသွားနိုင်တယ်။ ဒီအကြောင်းတွေကို ကျွန်တော်တို့ပြန်တာနဲ့ ပြည်နယ် အစိုးရကိုတိုက်တွန်းသွားမှာ ဖြစ်ပါတယ်" ဟု ဦးအောင်ဝင်းက ပြောသည်။

၎င်းက ဆက်လက်၍ "ကျေးရွာတချို့မှာ စိုးရိမ်စိတ်တွေက နိစ္စဓူဝဖြစ်နေတယ်။ ပြီးတော့ ကြိမ်ချောင်းကျေးရွာကို တိမ်းရှောင်လာတဲ့ မာရာမာကြီးတိုင်းရင်းသားတွေ ပြောတာက သူတို့နေတဲ့ ဘေးပတ်ဝန်းကျင်ရွာတွေက တော်တော်ဆိုးလို့ သူတို့မနေရဲဘူး။ နေရင်လည်း အန္တရာယ်ပေးဖို့ နေ့စဉ်နဲ့အမျှ ခြိမ်းခြောက်နေတာတွေ ရှိတယ်။ အဲဒီလိုခြိမ်းခြောက်နေတော့ ကြိမ်ချောင်းဘုန်းကြီးကျောင်းကို ထွက်ပြေးလာကြတယ်။ မပြန်ရဲတော့ဘူး။ သူတို့ကို ကြိမ်ချောင်းမှာပဲ နေရာလေးတစ်ခုပေးဖို့ တောင်းဆိုနေတာရှိပါတယ်။ ဒါတွေကိုလည်း ပြည်နယ်အစိုးရသိအောင် တင်ပြသွားမှာဖြစ်ပါတယ်" ဟုပြောသည်။

တိမ်းရှောင်လာသည့် မိသားစုထဲမှ မာရာမာကြီး တစ်ဦးမှာ နားရွက်ပြတ်သွားကြောင်း၊ ဓားနှင့် ခုတ်ခံရသည့်အတွက် နားရွက်ပြတ်သွားသည့်အပြင် လည်ကုပ်မှာလည်း ဓားဒဏ်ရာရခဲ့ကြောင်း၊ သေပြီဆိုပြီး ပစ်ထားခဲ့ရာမှ ကံကောင်း၍သာ မသေခြင်းဖြစ်ကြောင်း၊ ၎င်း၏ ဒဏ်ရာကိုလည်းတပ်မတော်မှ ဆေးကုသပေးနေခဲ့ရကြောင်း သိခဲ့ရသည်။

"ပညာရေး၊ ကျန်းမာရေးကလည်း တော်တော်လေး အားနည်းနေတယ်။ အဲဒီက ကျောင်းတွေပိတ်ထားရတယ်။ ကျောင်းလည်း မတက်ရဲဘူး။ ဆရာ ဆရာမတချို့ရှိပေမယ့် ကလေးတွေကမှ ကျောင်းမတက်ရဲတာ။ တချို့ရွာတွေမှာ ကျန်းမာရေးဌာနရှိပေမယ့် ဆရာမက မလာရဲသေးဘူး။ ဆေးဝါးကုသဖို့ မြို့ကိုလည်းမသွားနိုင်ဘူးဆိုတော့ ပညာရေး၊ ကျန်းမာရေးအပိုင်း အားနည်းတဲ့ အနေအထားတစ်ခုပါ။ ဒါတွေကို တည်ငြိမ်လုံခြုံသွားတဲ့ အချိန်ရောက်မှ လုပ်နိုင်မှာပေါ့။

ခြံပြင်လိုရွာမျိုးတွေက တစ်ပတ်ကို နှစ်ရက်လောက် မောင်တောမြို့မှာ ဈေးလေးဘာလေးတက်ဝယ်ဖို့ စောင့်ရှောက်ပေးစေချင်တယ်လို့ တင်ပြကြတယ်"ဟု ဦးအောင်ဝင်းက ပြောသည်။

"ကျွန်တော်တို့တွေ့ရှိချက်တွေ၊ သုံးသပ်ချက်တွေအားလုံး ရခိုင်ပြည်နယ်အစိုးရကို ဆောင်ရွက်ပေးဖို့ တိုက်တွန်းသွားမယ်။ လတ်တလောဆောင်ရွက်ရမယ့်ကိစ္စတွေ ရှိသလို၊ ကျေးရွာတွေ ရေရှည်တည်တံ့အောင် လုံခြုံရေးလည်းလုပ်ရပါမယ်။ စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရမယ်။ စီးပွားရေးမရှိရင် ဒေသခံတွေကမနေနိုင်ဘူးလေ။ စီးပွားရေးဖွံ့ဖြိုးအောင်၊ လမ်းပန်းဆက်သွယ်မှုတွေ ကောင်းမွန်အောင် လုပ်ဆောင်ပေးရပါမယ်။ အခုပြန်သွားတာနဲ့ ကြားဖြတ်အစီရင်ခံစာအနေနဲ့ အစိုးရကို တိုက်တွန်းသွားမှာပါ။ အပြီးသတ်အစီရင်ခံစာကို ဒီဇင်ဘာနောက်ဆုံးပတ်မှာ တင်သွင်းပါမယ်။

အဓိက က မောင်တောဒေသတည်ငြိမ်ဖို့ ကြိုးစားရမယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းဖို့အတွက် အစိုးရရော၊ ပြည်သူရော၊ အခြားအဖွဲ့အစည်းတွေရော ဝိုင်းဝန်းကူညီပေးဖို့လိုအပ်တယ်လို့ ပြောကြားချင်ပါတယ်" ဟု ကော်မတီဥက္ကဋ္ဌက ပြောသည်။ **(ရဲခေါင်ညွန့်နှင့်အဖွဲ့)**



မောင်တောမြို့ အရေးပေါ်ကူညီထောက်ပံ့ရေးကော်မတီမှ တာဝန်ရှိသူများ
အကြမ်းဖက်ခံရမှုလေ့လာစုံစမ်းရေးကော်မတီနှင့်အတူလိုက်ပါ၍ ဒေသခံများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

# ပန်းကလေးများ ဖူးပွင့်စေချင်ပါသည်

**မောင်တော နိုဝင်ဘာ ၁၈**

မောင်တောမြို့နယ်တွင် လာမည့်တက္ကသိုလ်ဝင်တန်း စာမေးပွဲအား ကျောင်းပြင်ပမှ ဖြေဆိုမည့်သူ ၁၀၀၀ ကျော်နှင့် ကျောင်းတက်၍ ဖြေဆိုမည့်သူ ၁၀၀၀ ခန့် စုစုပေါင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်သူ ၂၀၀၀ ကျော်အထိ ရှိနေသည်။

အကျီအဖြူနှင့် ပုဆိုးအစိမ်းကို ဝတ်ပြီးနောက် မီးခိုးရောင်တိုက်ပုံကိုကောက်စွပ်ကာ သူနေထိုင်ရာ အိမ်ကလေးမှနေ၍ ကျောင်းဆီသို့ ဆရာကြီး ဦးအောင်မြင့်သိန်း ထွက်လာခဲ့သည်။ ဆရာကြီးဦးအောင်မြင့်သိန်းသည် မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဖြစ်ပြီး ကျောင်းဝင်းထဲမှာပင် တစ်ကိုယ်တည်းနေထိုင်သူဖြစ်သည်။

ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်သိန်းထံ ကျွန်တော်တို့အဖွဲ့ ရောက်သွားသည့်အချိန်မှာ နံနက် ၉ နာရီခန့်သာရှိသေးသည်။ နံနက် ၁၀ နာရီမှ စတင်ဖွင့်လှစ်သည့် တစ်ချိန်ကျောင်းဖြစ်သောကြောင့် ကျောင်းကလေးက သက်ဝင်လှုပ်ရှားမှုမရှိသေး။

မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသားဦးရေ ၁၆၀၉ ဦးရှိသည်။ သို့ရာတွင် ယခုရက်တွင် ကျောင်းသို့လာရောက်သည့် ကျောင်းသားကျောင်းသူအရေအတွက်မှာ လေးပုံတစ်ပုံကျော်သာရှိသေးသည်ဟုသိရသည်။

သီတင်းကျွတ် ကျောင်းပိတ်ရက်ကုန်ဆုံး၍ ကျောင်းများပြန်လည်ဖွင့်လှစ်ထားသည်မှာ ရက်သတ္တပတ်သုံးပတ်မျှရှိနေပြီဖြစ်သော်လည်း အောက်တိုဘာလဆန်းပိုင်းကဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ကြောက်ရွံ့ထိတ်လန့်မှုများရှိနေဆဲဖြစ်သည့်အတွက် ကျောင်းသားများ မစုံလင်သေးခြင်းဖြစ်ကြောင်း ဆရာကြီးက ပြောသည်။

မောင်တောမြို့နယ်ပညာရေးမှူး ဦးခင်အောင်က မောင်တောခရိုင်ဒေသတစ်ဝိုက် ကျောင်းပြန်လည်ဖွင့်လှစ်မှုအခြေအနေနှင့်ပတ်သက်၍ "လက်ရှိအခြေအနေအရတော့ မောင်တောမြို့နယ်မှာ အထက်တန်း၊ အလယ်တန်းနဲ့ မူလတန်းကျောင်းပေါင်း ၁၀၀ လောက် ပြန်ဖွင့်ထားပါတယ်။ ကျောင်းသားတွေ အပြည့်အစုံတက်ရောက်ခြင်းတော့ မရှိသေးပါဘူး။ နယ်တွေမှာလည်း လုံခြုံရေးရှိတဲ့နေရာတွေမှာ ကျောင်းတွေ ပြန်ဖွင့်လှစ်ထားပါတယ်။ အစ္စလာမ်ဘာသာဝင်တွေနေတဲ့ ကျေးရွာတွေမှာလည်း အစ္စလာမ်ဘာသာဝင်ဆရာတွေ တာဝန်ထမ်းဆောင်တဲ့ ကျောင်းတွေဆို ဖွင့်ပေးထားပါတယ်"ဟု ဆိုသည်။



မြို့နယ်ပညာရေးမှူးက "မိဘတွေကိုမြို့ပေါ်မှာ လုံခြုံရေးရှိပါတယ်။ ကျောင်းတက်လို့ရပါတယ်လို့ ကျွန်တော်တို့က ပြောထားတယ်။

**စာမျက်နှာ ၁၀ သို့**

# အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများက ပေးပို့လှူဒါန်းသည့် ပစ္စည်းများ တပ်မတော်ရေယာဉ်ဖြင့် စစ်တွေမြို့သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများက စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများပေးပို့လှူဒါန်းလျက်ရှိရာ အဆိုပါပစ္စည်းများအနက်မှ ဆန် ၆၉၈ အိတ်၊ ကော်ဖီမစ် ၃၁၁ ဖာ၊ ငါးသေတ္တာ ၂၂၅၅ ဘူး၊ ခေါက်ဆွဲခြောက်ဖာအကြီး လေးဖာ၊ အချိုရည် ရှစ်ကတ်၊ ဆီ ၅၀ ကျပ်သားပါ ငါးဘူးနှင့် နှစ်ပိဿာပုံး နှစ်ပုံး၊ မုန့် တစ်ပုံး၊ မုန့်ခြောက် တစ်ထုပ်၊ ကြက်သွန်နီ ၃၇၅ ပိဿာ၊ အာလူး ပိဿာ ၅၀၀၊ ဆေးမျိုးစုံ တစ်ထုပ်၊ စာအုပ်တစ်ထုပ်၊ ရေဒီယိုကက်ဆက် တစ်လုံး၊ တီရှပ်အင်္ကျီအထည် ၄၀၀၊ ကျားဝတ် အတွင်းခံဘောင်းဘီအထည် ၁၀၀၀၊ Lion Battery (4 Mah 12 V) အလုံး ၅၀၊ ဆေးပေါ့လိပ် ပီနံအိတ် တစ်အိတ်၊ ပစ္စည်းစုံဂျပ်ဖာအသေး ၅၉ ဖာ၊ ပစ္စည်းစုံ ပီနံအိတ် လေးအိတ်နှင့် ငါးခြောက် ပိဿာ ၁၂၀ တို့အား နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့တပ်မတော်ရေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ရာ ယနေ့ နေ့လယ်ပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိသည်။

အဆိုပါ လှူဒါန်းပစ္စည်းများအား စစ်တွေမြို့မှ ဆက်လက်ပို့ဆောင် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**





# မောင်တောမြို့နယ်အတွင်းမှ မသင်္ကာသူ ၁၄ ဦး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များက မသင်္ကာသူ ၁၄ ဦးအား ဖမ်းဆီးရမိခဲ့သည်။

အမှတ် (၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲခန့်က သက်ကိုင်ညာကျေးရွာသို့ ဝင်ရောက်ရှင်းလင်းရာ မသင်္ကာသူ ဒီမိုဟာမတ်(၃၃)နှစ်(ဘ)မိုဆာအာလီ အပါအဝင် ငါးဦးအားလည်းကောင်း၊ ဖားဝပ်ချောင်း ရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခန့်တွင် ဝက်ပြင်ကျေးရွာသို့ ဝင်ရောက်ရှင်းလင်းရာ မသင်္ကာသူ ဆွေယော့ကာဆင် (၃၆)နှစ် (ဘ) မာမတ်ကော်ရိပ် အပါအဝင် သုံးဦးအားလည်းကောင်း၊ ပွင့်ဖြူချောင်းရွာသို့ အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲခန့်က ဝင်ရောက်ရှင်းလင်းရာ ပွင့်ဖြူချောင်းကျေးရွာနေ မသင်္ကာသူ မိုဟာမတ် အယ်ကရုန် (၃၅) နှစ် (ဘ) ဆာဘစ်ဟူဆိန်း အပါအဝင် ခြောက်ဦးအားလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)** ■

❍ စာမျက်နှာ ၉ မှ
ကျောင်းသားတွေအားလုံးတက်ရောက်ဖို့ မိဘတွေအပေါ်မှာလည်း မူတည်နေသေးတယ်" ဟုပြောသည်။

အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားသည့်ရက်သည် အခြေခံပညာကျောင်းသားများ၏ ပထမနှစ်ဝက် စာမေးပွဲ စစ်ဆေးမှုနှင့်လည်း တိုက်ဆိုင်နေခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ကျောင်းပိတ်ခဲ့ရသောကျောင်းများတွင် ပထမ နှစ်ဝက်စာမေးပွဲကို ပြီးဆုံးအောင် ဆောင်ရွက်နိုင်မှု မရှိခဲ့ပေ။

ဆရာကြီးက "အကြမ်းဖက်မှုတွေ ဖြစ်တဲ့ရက်က ကျွန်တော်တို့ စာမေးပွဲစစ်နေတုန်းမှာပါ။ မြန်မာစာဖြေပြီးလို့ အင်္ဂလိပ်စာဖြေမယ့် နောက်တစ်နေ့မှာပါ။ အဲဒီတော့ ကလေးတွေက စာမေးပွဲမဖြေရဘူး။ အောက်တိုဘာ ကျောင်းပိတ်ရက်တွေပြီးလို့ ကျောင်းပြန်ဖွင့်တော့လည်း လူတွေကမစုံကြဘူး။ သင်ကြားရေးပိုင်းမှာ ကလေးတွေ အခက်အခဲရှိတာပေါ့။ ကျောင်းသားတွေကို ကျွန်တော်တို့က ခေါ်ခိုင်းပေမယ့် မိဘတွေကမလွှတ်တော့လည်း အဆင်မပြေဖြစ်ရပါတယ်"ဟုပြောသည်။

အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ရပ်တန့်ထားသော အခြေခံပညာကျောင်းသားများ၏ ပထမနှစ်ဝက်စာမေးပွဲ စစ်ဆေးမှုအား နိုဝင်ဘာ ၂၁ ရက်တွင် ပြန်လည်ဖြေဆိုနိုင်ရန် စီစဉ်လျက်ရှိနေသည်။

မောင်တောမြို့နယ်ပညာရေးမှူး ဦးခင်အောင်က "အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ကျောင်းသားတွေ စာမေးပွဲကို ဆက်မဖြေခဲ့ကြရဘူး။ ကျန်တဲ့ ငါးဘာသာကို နိုဝင်ဘာ ၂၁ ရက်နေ့မှာ ပြန်လည်စစ်ဆေးဖို့ ညွှန်ကြားထားပါတယ်။ ဒီအတိုင်းပဲ လုံခြုံရေးအခြေအနေကို ကျွန်တော်တို့က ကြည့်ပြီးတော့ စစ်ဆေးသွားမှာပါ" ဟုပြောသည်။

နိုဝင်ဘာတတိယပတ်တွင် ပထမနှစ်ဝက်စာမေးပွဲ အတွက် ကျောင်းသားအားလုံးရောက်နိုင်ရေးအတွက် မြို့နယ်မှတစ်ဆင့် စာမေးပွဲဖြေဖို့ ညွှန်ကြားထားပြီးဖြစ်သော်လည်းစာမေးပွဲဖြေဆိုရန် အခြေအနေမရှိနိုင်သေးသည့် ဒေသများတွင်မူ စာမေးပွဲစစ်ဆေးမည်မဟုတ်ကြောင်း သိရသည်။

"ကျောင်းသားတွေ ရောက်နိုင်ဖို့အတွက် ကျောင်းကပဲ လုပ်ပေးရမှာပေါ့။ နောက်ပြီး ပိတ်ထားရတဲ့ ကျောင်းတွေက ဒေသအခြေအနေအရပါ။ ဆရာ ဆရာမတွေ သွားလို့မရတဲ့ အခြေအနေ၊ မသွားနိုင်ဘူးဆိုရင် ကျွန်တော်က မလွှတ်ပါဘူး" ဟု ပညာရေးမှူးကပြောသည်။

"ကျွန်တော်တို့က အဆိုးဆုံးနေရာတွေထဲမှာ ကျရောက်နေတဲ့ အင်းဒင်ရွာလိုနေရာမှာတောင် ပုံမှန်စာသင်နေပါတယ်။ အဲဒီမှာ ဒေသခံဆရာ ဆရာမတွေရှိတယ်။ ။ ဒါပေမယ့် တိုင်းရင်းသားအများစုပဲ တက်ကြတယ်။ ရွာခံမရှိတဲ့ ကျေးရွာတွေတော့ အခက်အခဲရှိတာပေါ့။ ဒေသခံဆရာ ဆရာမတွေ ရှိလာအောင် တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးနေပါတယ်။ ဒါပေမယ့် ဒေသခံတွေထဲမှာ လိုအပ်သလောက် ပညာတတ်မရှိသေးဘူး။ ၁၀ တန်းအောင်တွေရှိလည်း ဘွဲ့ရမှ ပညာရေးက ခန့်တာဆိုတော့ ၁၀တန်းအောင်တွေလည်း ဆွဲခန့်အနေနဲ့ ခန့်ထားပေးဖို့ ကျွန်တော်တင်ပြထားတယ်။ ဒါကလည်း ပညာရေးဝန်ကြီးဌာနမဟုတ်ဘဲ အစိုးရက ခွင့်ပြုမှရမှာပါ" ဟု မောင်တောမြို့တွင် ၂၈ နှစ်တိုင် ပညာရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် အထက်တန်းပြကျောင်းဆရာဘဝမှ ပညာရေးမှူးဖြစ်လာသူ ဦးခင်အောင်က ပညာရေးအတွက် ဒေသခံများလိုအပ်မှုကိုပြောသည်။

မောင်တောမြို့နယ်အတွင်းတွင် ကျောင်းအရေအတွက် အခြေခံပညာကျောင်းပေါင်း ၁၈၃ ကျောင်းရှိပြီး လက်ရှိ အခြေခံပညာကျောင်း ၁၀၀ အထိ ဖွင့်လှစ်ထားပြီဖြစ်သည်။

မောင်တောမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ပဉ္စမတန်းကျောင်းသူ နှင်းသုနိုင်၏ မိခင်ဒေါ်ခင်စောနိုင်က "သမီးက နိုဝင်ဘာလ ၁ ရက်က စပြီး အခုထိ ကျောင်းတက်ပါတယ်။ အမြဲတမ်းပဲ အင်္ဂလိပ်စာထူးချွန်တို့၊ သင်္ချာထူးချွန်တို့ ရပါတယ်။ သူငယ်တန်းကနေ အခုထိပထမပါပဲ။ သူ့ကို ကျွန်မက အခုအခြေအနေမှာ ကျောင်းပို့ဖို့ကို စဉ်းစားနေရတယ်။ မိဘတစ်ယောက်အနေနဲ့ကတော့ စိုးရိမ်မိတယ်။ လုံခြုံရေးတွေ ကောင်းကောင်းထားပြီး ကျောင်းကိုပုံမှန်လေးတက်စေချင်တယ်။ ပညာရေးထူးချွန်တဲ့ ကလေးတစ်ယောက်ကို ပညာရေးအနှောင့်အယှက် မဖြစ်စေချင်လို့ပါ" ဟုပြောသည်။

အကြမ်းဖက်လုပ်ရပ်ကြောင့် အေးချမ်းစွာပညာသင်ကြားလိုသူ၊ ပညာသင်ပေးလိုသူ၊ သားသမီးတို့အား ပညာတတ်ဖြစ်လိုသူတို့၏ မျှော်လင့်ချက်၊ ပညာရေးအတွက် မျှော်လင့်ချက်သည် စိုးရိမ်မှုများဖြင့် ရှိနေကြသည်။

မြို့နယ်ပညာရေးမှူး ဦးခင်အောင်က "အဓိကက ဒေသတည်ငြိမ်ရင်တော့ ကျွန်တော်တို့ ပညာရေးကို လုပ်လို့ရတာပေါ့။ ဒေသတည်ငြိမ်မှုမရှိဘဲနဲ့တော့ ပညာရေးက ဒီအတိုင်းပဲရှိနေမှာပါပဲ။ ပညာရေးဆိုတာက ကလေးတွေရဲ့အခွင့်အရေးပါ။ အဲဒီအခွင့်အရေး မဆုံးရှုံးရအောင် အတတ်နိုင်ဆုံးလုပ်ဆောင်ပေးမှာပါ" ပြောသည်။

နံနက် ၁၀ နာရီထိုးတော့မည်။ မောင်တောမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းထဲသို့ ညီညာစွာဖြင့် ဝင်ရောက်လာသော အဖြူ အစိမ်းဝတ် ကျောင်းသားကျောင်းသူလေးများ ကျောင်းအတွင်း ဝင်လာကြပြီ။ ညီညာစွာဖြင့် လှမ်းနေသောကလေးငယ်တို့၏ ဦးတည်ရာအရပ်ကား စာသင်ခန်းများဆီသို့ . . . ။

**သတင်းဆောင်းပါး - ရဲခေါင်ညွှန့်နှင့်အဖွဲ့**
**ဓာတ်ပုံ - ဖိုးထောင်၊ မင်းထက်**



# မောင်တောမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၁၈**
မောင်တောမြို့နယ် နယ်မြေ (၈) မြင်းလွတ်မြို့ ရှီတာရပ်ကွက် ဇံကာရာ ရွာ၌ နိုဝင်ဘာ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် လူနေထိုင်မှုမရှိသည့် မြေစိုက်သက်ငယ်မိုး၊ ထရံကာ ကျောင်းဆရာ၊ ဆရာမ နေအိမ်လိုင်းခန်းနှင့် သက်ငယ်မိုး၊ ထရံကာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးနေအိမ်လိုင်းခန်းတို့ မီးလောင်မှုဖြစ်ပွားခဲ့ပြီး တန်ဖိုးငွေကျပ် ၅၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး (ရှီတာ) ဆွေယောဒ့်အာလောင်က နယ်မြေခံရဲစခန်း၌ တိုင်တန်းသဖြင့် မီးရှို့သူအား အမှုဖွင့်လှစ်၍ စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

### ◆ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသူများ မှ

မောင်တောအနောက်မြောက်ဘက်တွင် လက်ရှိဖြစ်ပွားနေသည့် အခြေအနေများကြောင့် ရေခပ်ချောင်းခွဆုံရွာ၊ မြောတောင်ရွာ၊ ဒါးကြီးဇားရွာ၊ ရေတွင်းကျွန်းရွာ၊ ပွင့်ဖြူချောင်းရွာ၊ ဥရှည်ကျရွာ၊ ငါးခူရရွာများတွင် နေထိုင်ကြသည့် အိမ်ထောင်စုဝင်များသည် ရေခပ်ချောင်းခွဆုံဘက်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်သို့ အဖွဲ့လိုက် ထွက်ခွာသွားကြပြီး ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ ပြန်လည်စေလွှတ်ခဲ့ကြောင်း၊ လူ ၂၀၀ ခန့်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ရောက်ရှိနေကြဖွယ်ရှိကြောင်း သတင်းများထွက်ပေါ် လျက်ရှိသည်။

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍ ရိုက်တာသတင်းဌာန၏ နိုဝင်ဘာ ၁၆ ရက် သတင်းတစ်ပုဒ်တွင် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးရန်ကြိုးပမ်းသူ ၇၂ ဦးကို မြန်မာ့တပ်မတော်က ပစ်သတ်ခဲ့သည်ဟု သတင်းဖော်ပြခဲ့မှုနှင့် ပတ်သက်၍ ယင်းနယ်မြေရှိ တပ်မတော်နှင့် နယ်ခြားစောင့်တပ်ဖွဲ့များသို့ နယ်စပ်ဒေသ၌ ထိတွေ့မှုများ ရှိ/မရှိ စိစစ်မေးမြန်းရာ အဆိုပါဖြစ်စဉ်မှာ လုံးဝမဟုတ်မှန်ကြောင်း၊ ပူးပေါင်းအဖွဲ့အနေဖြင့် အတွင်းပိုင်းနယ်မြေရှင်းလင်းစစ်ဆေးရေးကိုသာ ဆောင်ရွက်လျက်ပြီး နယ်စပ်ပိုင်း၌ ထိတွေ့မှုမရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

# မြင်းလွတ်မြို့၌ မီးရှို့ဖျက်ဆီးခံရသော ဆရာ ဆရာမများ တည်းခိုဆောင်ကို အမြန်ပြန်လည်တည်ဆောက်ပေးသွားမည်



နိုဝင်ဘာ ၁၇ ရက် ညပိုင်းက မီးရှို့ဖျက်ဆီးခံခဲ့ရသော ဆရာ ဆရာမများ တည်းခိုဆောင်ကို တွေ့ရစဉ်။

**မောင်တော နိုဝင်ဘာ ၁၈**

နိုဝင်ဘာ ၁၇ ရက် ညပိုင်းက မသမာသူလူတစ်စု မီးရှို့ဖျက်ဆီးခဲ့သော မောင်တောခရိုင်တောင်ပိုင်း မြင်းလွတ်မြို့ ရပ်ကွက်(၁) ဆရာ ဆရာမများ တည်းခိုဆောင်နေရာများသို့ ယနေ့ နံနက် ၁၀ နာရီခွဲတွင် သတင်းအဖွဲ့ ရောက်ဖြစ်ခဲ့သည်။

"တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုကိုပဲ ကျွန်တော်တို့ကလိုချင်တာပါ။ ကျွန်တော်တို့အနေနဲ့ ဒီလို အကြမ်းဖက်မှု၊ ဥပဒေဘောင်အတွင်း မညီညွတ်မှုတွေကို ဘယ်လိုမှ အားမပေးပါဘူး။ ဒေသခံတွေနဲ့ ကျွန်တော်တို့ နေထိုင်တာလည်း နှစ်ပေါင်းမနည်းတော့ပါဘူး။ တစ်ဖက်အစွန်းရောက် လူတချို့ကြောင့် အခုလို စိုးရိမ်စိတ်တွေနဲ့ ကျိုးလန့်စားစားနေရတာ တကယ်မနှစ်မြို့တာပါ။ ဒီမီးရှို့ခံလိုက်ရတဲ့ ကျောင်းကိုလည်း ကျွန်တော်တို့အနေနဲ့ ကိုယ့်ပစ္စည်း၊ ကိုယ့်ကျောင်းလို သဘောထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ သား၊သမီး၊ မြေးမြစ်တွေအားလုံးဒီကျောင်းကပဲ ပညာသင်ကြားခဲ့တာပါ။ ကျွန်တော်တို့အနေနဲ့ အေးအေးချမ်းချမ်းနဲ့ပဲ နေထိုင်စားသောက်ချင်ပါတယ်"ဟု မြင်းလွတ်မြို့ ရပ်ကွက်(၁)မှ ဦးကျော်ဆွေ(ခ) အဒူဟာဖိစ် ကပြောသည်။

နိုဝင်ဘာ ၇ ရက်ကလည်း အဆိုပါကျောင်းရှိ ဆရာ ဆရာမများ တည်းခိုဆောင်နှစ်လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ယခုအခါ အသစ်ပြန်လည်တည်ဆောက်နေသည်ကို တွေ့ခဲ့ရသည်။ နိုဝင်ဘာ ၁၇ ရက်က ဒုတိယအကြိမ် မီးရှို့ခံခဲ့ရသော တည်းခိုဆောင်တစ်လုံးနှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နေအိမ်တစ်လုံးကိုလည်း အမြန်ပြန်လည် တည်ဆောက်ပေးသွားမည်ဟု ယင်းကျေးရွာမှ သိရသည်။

မြင်းလွတ်မြို့သည် မျှားမကြာမီကမှ မြို့အဖြစ်အဆင့်မြှင့်တင်ခဲ့သည့် မြို့ဖြစ်ပြီး ရပ်ကွက်(၈)ခုဖြင့် ဖွဲ့စည်းထားသည်။ မြင်းလွတ်မြို့ရှိ အလယ်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီး အပါအဝင် ဆရာ ဆရာမ ကိုးဦး၊ ကျောင်းသား၊ ကျောင်းသူ တစ်ထောင်ကျော် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ မီးရှို့ဖျက်ဆီးခံရသော ဆရာ ဆရာမများ တည်းခိုဆောင်တွင် ဆရာ၊ ဆရာမများ နေထိုင်သည့် အချိန်မဟုတ်သဖြင့် ပျက်စီးဆုံးရှုံးမှုမှာ အဆောင်သုံးဆောင်သာဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာမရှိကြောင်း၊ အချိန်ပိုင်းအတွင်းမှာပင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိခဲ့ရသည်။

ယနေ့ နံနက်ပိုင်း မောင်တောမြို့မှ ဝေသာလီကျေးရွာ၊ ထိုမှတစ်ဆင့် အင်မော်လမ်းအတိုင်း ရွှေဇဟိုလ်၊ ဇောမိကုန်း၊ ခရေမြိုင်၊ ကိုင်းကြီး၊ မောရဝတီ၊ အလယ်သံကျော်၊ ကံပူး၊ ဥဒေါင်း၊ ဥဒေါင်း(စံပြ)၊ ကျောင်းတောင်၊ မြင်းလွတ်နှင့် သရီးကုန်း(သစ်) ကျေးရွာများသို့ ဝင်ရောက်လေ့လာမေးမြန်းဖြစ်ခဲ့သည်။ မောင်တောတောင်ပိုင်း ကျေးရွာအများစုမှာ တည်ငြိမ်အေးချမ်းစွာရှိသည်။ သို့ရာတွင် လုံခြုံမှုပိုမိုရရှိရန် မျှော်လင့်နေကြသည်။ မောင်တောတောင်ပိုင်းသည် မြောက်ပိုင်းနှင့် နှိုင်းစာလျှင် ပို၍ အေးချမ်းမှုရှိသည်ကို တွေ့မြင်ရသည်။

"ဒီရွာက အေးချမ်းတည်ငြိမ်ပါတယ်။ ဒါပေမယ့် ပြည်သူတွေက လုံခြုံရေးကို ဒီထက်ပိုမိုမျှော်လင့်နေကြတယ်။ ဥပမာ လုံခြုံရေးအဖွဲ့တွေအနေနဲ့ ညဘက်ကင်းလှည့်ပေးတာတို့၊ ကြည့်ရှုအားပေးတာတို့ကို ပိုလိုချင်နေကြတယ်။ စိုးရိမ်စိတ်နဲ့ နေထိုင်နေရသလို ဖြစ်တာပေါ့။ ဒါကြောင့် အနီးဝန်းကျင် ရဲကင်းတွေနဲ့လည်း ပြည်သူတွေစိုးရိမ်စိတ်လျော့နည်းအောင် ကင်းလှည့်တာတို့၊ စောင့်ကြည့်ပေးတာတို့ကို လုပ်လိုက်ရင် ဒီတောင်ပိုင်းကျေးရွာတွေမှာ နဂိုအတိုင်း ပြည်သူတွေစိတ်ထဲမှာ အခုလို စိုးရိမ်စိတ်တွေမရှိတော့ဘဲ အေးအေးချမ်းချမ်း ဖြစ်သွားမှာပါ"ဟု ဥဒေါင်း(စံပြ) ကျေးရွာမှ ကျောင်းအုပ်ဆရာကြီး ဦးထွန်းလင်းက ပြောသည်။

ဥဒေါင်း(စံပြ)ကျေးရွာသည် ဒေသခံတိုင်းရင်းသားအများစု နေထိုင်သော ကျေးရွာတစ်ရွာဖြစ်သည်။ အိမ်ထောင်စု ၇၅ စုရှိပြီး လူဦးရေ ၃၀၀ ဝန်းကျင်နေထိုင်သည့် ကျေးရွာတစ်ရွာဖြစ်သည်။ လယ်လုပ်ငန်းလုပ်ကိုင်သူနည်းပါးပြီး အများစုမှာ လက်လုပ်လက်စားများဖြစ်ကြသည်။ ကျေးရွာအတွင်းလှည့်လည်ကြည့်ရှုခဲ့ရာ အပူအပင်ကင်းသည့်ကလေးများမှာ အေးချမ်းပျော်ရွှင်စွာ ဆော့ကစားနေသည်ကို တွေ့မြင်ခဲ့ရသည်။

မောင်တော တောင်ပိုင်းတွင် အစည်ကားဆုံးဟု ထင်ပေါ်ကျော်ကြားသော အလယ်သံကျော်ကမ်းခြေသို့ ရောက်ရှိ လေ့လာကြည့်ရှုဖြစ်ခဲ့သည်။ အလယ်သံကျော်ကမ်းခြေသည် အောက်တိုဘာ ၉ ရက် အကြမ်းဖက်မှုဖြစ်စဉ်မတိုင်ခင်က နေ့စဉ်မပြတ်လာရောက် လည်ပတ်သူများဖြင့် စည်ကားခဲ့ပြီး လတ်တလောတွင် လာရောက်လည်ပတ်သူအနည်းငယ်သာရှိကြောင်း သိရသည်။ ကျောင်းများ၊ ဈေးများသည် ယခင်ကကဲ့သို့ စည်စည်ကားကားမဟုတ်သော်လည်း လယ်လုပ်ငန်း၊ ယာလုပ်ငန်းများကို အေးအေးချမ်းချမ်းဖြင့် အရှိန်မပျက်ဆက်လက် လုပ်ကိုင်နေကြသည်ကို တွေ့ခဲ့ရသည်။

အပြန်လမ်းတွင် သရေကုန်းဘောင်ရွာသို့ ဝင်ဖြစ်ခဲ့သည်။ သရေကုန်းဘောင်ရွာတွင် လူငယ်များ ခြင်းခတ်ကစားခြင်း၊ ဘောလုံးကန်ခြင်းတို့ကိုမြင်တွေ့ခဲ့ရသည်။ ရွာဦး၌ လယ်ယာလုပ်ငန်းခွင်အတွင်း အေးချမ်းစွာ စပါးများ ခြွေလှေ့နေသည်ကိုလည်း မြင်တွေ့ခဲ့ရသည်။

မောင်တောတောင်ပိုင်းရှိ ကျေးရွာပြည်သူများသည် နေ့ခင်းဘက်တွင် အလုပ်အကိုင်များကို အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်နေကြသော်လည်း ယခုထက်လုံခြုံရေးအင်အားကို ပိုမိုတိုးချဲ့ပေးရန် မျှော်လင့်နေကြသည်ကို တွေ့မြင်ခဲ့ရပါကြောင်း။

**သတင်းမြင်ကွင်း - မောင်စိန်လွင်နှင့်အဖွဲ့**
**ဓာတ်ပုံ မင်းထက်၊ ဖိုးထောင်**



ဥဒေါင်း(စံပြ)ကျေးရွာတွင် ကလေးများ အေးချမ်းပျော်ရွှင်စွာ ဆော့ကစားနေသည်ကို တွေ့ရစဉ်။

## ဂေါ်ဒူသာရကျေးရွာအုပ်စု အနောက်ရွာမှ ကျေးရွာရပ်မိရပ်ဖနှင့် ရာအိမ်မှူးတစ်ဦး အသတ်ခံရ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မောင်တောမြို့နယ် ဂေါ်ဒူသာရကျေးရွာအုပ်စု အနောက်ရွာနေ ဂျာမာလ်(ဘ)ဆွေဒူမျာ သည် ယမန်နေ့ညနေပိုင်းက ဂေါ်ဒူသာရကျေးရွာအုပ်စု တောင်ရွာနှင့် အနောက်ရွာအကြား ဓားဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သိရသည်။

ဂျာမာလ်(ဘ)ဆွေဒူမျာ သည် ကျေးရွာရပ်မိရပ်ဖနှင့် ရာအိမ်မှူးတာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ယမန်နေ့ ညပိုင်းက ဂေါ်ဒူသာရကျေးရွာအုပ်စု တောင်ရွာမှ ဟာဘီအုလ္လာ(ဘ)အူစမာန်နေအိမ်သို့ ညစာစားရန် သွားရောက်ခဲ့ပြီး အိမ်သို့ပြန်မလာသဖြင့် ည ၇ နာရီခွဲခန့်တွင် မိသားစုဝင်များက လိုက်လံရှာဖွေရာ ဂေါ်ဒူသာရကျေးရွာအုပ်စု တောင်ရွာနှင့် အနောက်ရွာအကြား လယ်ကွင်းနှင့် ပုစွန်ကန်အစပ်တွင် ဂျာမာလ်အား လည်ပင်းလှီးဒဏ်ရာ၊ ဦးခေါင်းဓားခုတ်ဒဏ်ရာ၊ ရင်အုံဓားထိုးဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဂျာမာလ်သေဆုံးမှုနှင့် ပတ်သက်၍ ကျေးရွာတာဝန်ခံက မကျီးချောင်း နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့သို့ ဆက်သွယ်သတင်းပို့မှုနှင့်အတူ ကျေးရွာသားများက လူသတ်မှုကျူးလွန်သူဟုယူဆရသူ ဟာဘီအုလ္လာအား ဖမ်းဆီးထားခဲ့ကြောင်း၊ မကျီးချောင်း နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဌာနချုပ်စခန်းမှ ဟာဘီအုလ္လာအား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

❐ **ကျောဖုံး မှ**

"ဘူးသီးတောင်မြို့နယ်အတွင်းရှိ ဘင်္ဂါလီလူမျိုးများအား စစ်တပ်နှင့်ရဲများက ပူးပေါင်းကာ သတ်ဖြတ်နေကြသဖြင့် ကူညီပေးကြရန်" ဘင်္ဂါလီစကားဖြင့် ရာမောက်တူလာပြောဆိုထားသည့် အသံဖိုင်ကို တွေ့ရှိခဲ့သည်။

ရာမောက်တူလာအား ဆက်လက်စစ်ဆေးရာ ပဏာမ စစ်ဆေးမေးမြန်းချက်များအရ လွန်ခဲ့သော ၂ လခန့်က ကျောက်ဖြူသားသေကံကျေးရွာသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည် ရောက်ရှိလာသော ကျောက်ဖြူသားသေကံရွာသား မော်လဝီမာမွတ်ရှား (ဘ) အီမန်ဟူကိန်းက ရွာမှ အခြားမော်လဝီများနှင့် ရာမောက်တူလာအား Viber ဖွင့်ပေးခြင်း၊ Group အတွင်း သတင်းတင်ခြင်း နည်းလမ်းများအား သင်ကြားပေးခဲ့ကြောင်း၊ ရာမောက်တူလာ က Group အတွင်းသို့ အခြားရွာသားများအား ဆက်လက်ထည့်သွင်းပေးခဲ့ကြောင်းနှင့် ၎င်း Group ထဲတွင် ဆော်ဒီအာရေးဗီးယား၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံများအပါအဝင် နိုင်ငံတကာရှိ အစွန်းရောက်လှုပ်ရှားသူများ ဆက်သွယ်ပါဝင်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါ Viber Group တွင် ပါဝင်သူများသည် ယုံကြည်ချက်အစွန်းရောက်သူများ ဖြစ်ကြပြီး ၎င်း Viber Group တွင် အစိုးရကို တိုက်ခိုက်ရန်၊ ဖျက်ဆီးရန်နှင့် ၎င်းဒေသရှိ တရားမဝင် ဝင်ရောက်နေထိုင်သူ မွတ်ဆလင်များ နိုင်ငံသားဖြစ်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါ Rohingya Muslim Viber Group သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် အခြေစိုက်ဖွဲ့စည်းထားသော ရိုဟင်ဂျာအာရေဗွီးရှင်း သတင်းဌာနနှင့် ဆက်သွယ်ကာ နိုင်ငံတကာတွင်ရှိသော အစ္စလာမ် အစွန်းရောက်များထံမှ လိုအပ်သော အကူအညီများရရှိရေးအတွက် ပြုလုပ်လျက်ရှိကြောင်း၊ ၂၀၁၆ ခုနှစ် ဇွန်လမှ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားသည်အထိ ပြည်ပမှငွေကြေးအကူအညီများ လွှဲပြောင်းပေးအပ်မှုများအား Viber Group မှတစ်ဆင့် အကြောင်းကြား အသိပေးလေ့ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။

စစ်ဆေးဖော်ထုတ်ချက်များနှင့် သတင်းကွင်းဆက်များအား စုံစမ်းဖော်ထုတ်လျက်ရှိရာ ဖော်ထုတ်ရရှိမှုအလိုက် ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



**ဘူးသီးတောင်မြို့နယ်ကျောက်ဖြူ သားသေကံကျေးရွာနေ ရာမောက်တူလာမှ အသံဖိုင်ပြုလုပ်ပေးပို့သည့် နေရာပြမြေပုံ။**



လူသတ်မှုကျူးလွန်သူဟုယူဆရသူ ဟာဘီအုလ္လာအား တွေ့ရစဉ်။

# ပုဂံရွှေစည်းခုံဘုရားကွင်းတွင် ပြုလုပ်မည့် ထုတ်ကုန်ပစ္စည်းပြပွဲတွင် ရှေးဟောင်းမြေဝိုင်းဇာတ်ပွဲ ပုံစံဖြင့် ဖျော်ဖြေတင်ဆက် ကပြသွားမည်

မြန်မာနိုင်ငံ၏ အထင်ကရ ရှေးဟောင်းနယ်မြေ ပုဂံရှိ ရွှေစည်းခုံဘုရားကွင်းတွင် ဒီဇင်ဘာ ၃၀ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ပြုလုပ်မည့် မြန်မာထုတ်ကုန်ဈေးကွက်မြှင့်တင်ခြင်းပွဲတော်နှင့် အောင်မြင်ကျော်ကြားထုတ်ကုန်များ ပြပွဲတွင် မြန်မာ့ ရှေးဟောင်းမြေဝိုင်းဇာတ်ပွဲပုံစံများဖြင့် ဖျော်ဖြေတင်ဆက် ကပြသွားမည်ဖြစ်ကြောင်း ရွှေလဝန်း အနုသုခုမအလင်္ကာဥယျာဉ် ဂီတအကပဒေသာ ဖျော်ဖြေရေးအင်အားစုမှ သိရသည်။

"မြန်မာ့ရိုးရာယဉ်ကျေးမှုကို နိုင်ငံခြားသားတွေ သိစေလိုတဲ့အတွက် ဦးတည်ပြီး လုပ်တာဆိုပေမယ့် နိုင်ငံခြားသားတွေကိုလည်းပြမယ်၊ ပြည်တွင်းမှာရှိတဲ့မြန်မာလူမျိုးတိုင်းကိုလည်း ကိုယ့်ရဲ့ယဉ်ကျေးမှုကိုသိစေချင်တဲ့အတွက် ဒီပွဲမှာ အခုလက်ရှိ အပြင်ဇာတ်ပွဲတွေမှာ မတွေ့ရတော့တဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းထားတဲ့ မကိုဋ်အကပါမယ်။ တေးဂီတကလည်း ဘိုးစဉ်ဘောင်ဆက်က ထိန်းသိမ်းလာတဲ့ တီးလုံးတီးကွက်တွေနဲ့ပဲ ကပြမှာပါ၊ ကကွက်တွေကလည်း ငြိမ့်ညောင်းတဲ့ ကကွက်တွေနဲ့ ဖျော်ဖြေမှာပါ။ တစ်နေ့တစ်မျိုးမရိုးရအောင် ကပြတင်ဆက်သွားဖို့ ရည်ရွယ်ထားပါတယ်"ဟု ရွှေလဝန်းအနုသုခုမ အလင်္ကာဥယျာဉ် ဂီတအကပဒေသာ ဖျော်ဖြေရေး အင်အားစုအကအဖွဲ့မှ ကိုလဝန်းအောင်က ပြောသည်။

၎င်းကဆက်လက်၍ "စင်မြင့်ပေါ်မှာ ကပြမှာမဟုတ်တဲ့အတွက် မြေကြီးပေါ်မှာလှည့်ပြီး နေရာကိုးနေရာလောက် ကပြရမှာဆိုတော့ နွားလှည်းလေးပေါ်မှာ တီးဝိုင်းကိုတင်ပြီး လူတွေက မြေကြီးပေါ်မှာ မြန်မာဆန်ဆန်လေး ကပြသွားမယ်။ မြေဝိုင်းနှစ်ပါးသွားအကမှာဆိုလည်း မင်းသား၊ မင်းသမီး အဝတ်အစားကအစ ရှေးခေတ်ပုံစံမျိုးနဲ့ ဝတ်ဆင်ပြီး ကပြမှာပါ"ဟု ပြောသည်။

အဆိုပါ ဈေးကွက်မြှင့်တင်ရေးပွဲတော်ကြီးတွင် မြေဝိုင်းနှစ်ပါးသွားအက၊ ရုပ်သေးကြိုးဆွဲအက၊ အပျိုတော်အက၊ ပခန်းကိုကြီးကျော်အကနှင့် ရိုးရာစလေ့များကို ပုံဖော်ပြသခြင်း၊ သူငယ်တော်အက၊ အိုးစည်အက၊ ဒသဘီလူးနှင့်မယ်သီတာ၊ ပုဂံရာဇဝင်အက၊ အိုးစည်အက၊ ဒိုးပတ်အက၊ ဇော်အက၊ မျောက်အက၊ ခေတ်နှစ်ပါးသွားအက၊ မင်းသား၊ မင်းသမီးအက၊ ဝန်ကြီးအက၊ ကိန္နရီ၊ ကိန္နရာအက၊ ကုန်းဘောင်ခေတ်ဟန်အတိုင်း တင်ဆက်ကပြမှုများနှင့် မြန်မာ့ဓလေ့ကို ပေါ်လွင်စေသည့် ဦးရွှေရိုး၊ ဒေါ်မိုးအကတို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း**

**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



# Fantastic Beasts ရုပ်ရှင်ဇာတ်ကား အခမဲ့ကြည့်ရှုရမည့် ရုပ်ရှင်ပဟေဠိအစီအစဉ်

ရန်ကုန်မြို့ မြရတနာ၊ ရွှေဗဟို၊ ကန်သာယာရုပ်ရှင်ရုံနှင့် မန္တလေးမြို့ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံတို့၌ နိုဝင်ဘာ ၂၅ ရက်မှ စတင်ပြီး Fantastic Beasts ရုပ်ရှင်ဇာတ်ကားရုံတင်ပြသတော့မည်ဖြစ်ရာ ရုပ်ရှင်ပဟေဠိ ဖြေဆိုရင်း ရုပ်ရှင်လက်မှတ်များ အခမဲ့ရယူနိုင်မည့် အစီအစဉ်ကို ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ရေးသားဖော်ပြပေးလိုက်ပါတယ်။




အခုလို အခမဲ့ကြည့်ရှုခွင့်ရမယ့် ထူးခြားတဲ့ ဒီအစီအစဉ်လေးမှာပါဝင်လိုတဲ့ ပရိသတ်များအနေနဲ့ Fantastic Beasts ရုပ်ရှင်ဇာတ်ကား နမူနာကို www.facebook.com/megaacecineplex မှာ ဝင်ရောက်ကြည့်ရှုပြီး မေးခွန်းများကို ဖြေဆိုရမှာပဲဖြစ်ပါတယ်။

ဖြေဆိုရမယ့် ကာလကတော့ နိုဝင်ဘာ ၂၂ ရက် နောက်ဆုံးထားဖြေဆိုရမှာဖြစ်ပါတယ်။ စိတ်ပါဝင်စားလို့ ဖြေဆိုခဲ့မယ်ဆိုရင် မှန်ကန်စွာ ဖြေဆိုနိုင်သူများထဲမှ ကံထူးသူ ငါးဦးကိုမဲနှိုက်ရွေးချယ်သွားမှာဖြစ်ပြီး တစ်ဦးလျှင် လက်မှတ်နှစ်စောင်ပေးအပ်သွားမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ် (၁) က Fantastic Beasts ရုပ်ရှင်ဇာတ်လမ်းမှာ ပါဝင်သရုပ်ဆောင်ထားတဲ့ အဓိကသရုပ်ဆောင်တစ်ဦးရဲ့အမည်။

နံပါတ်(၂)က Mega Ace Cineplex ရုပ်ရှင်ရုံတွေမှာ ရုပ်ရှင်ကြည့်ရတဲ့ ခံစားမှု ကြိုက်နှစ်သက်တယ်ဆိုရင်လည်း နှစ်သက်ရသော အကြောင်းအရင်းတို့ကို စာလုံးရေ ၂၀ ထက်မပိုဘဲ ရေးသားဖြေဆိုပြီး megaacecineplex.me@gmail.com တွင် မိမိတို့ရဲ့ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်နဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တို့ကို အပြည့်အစုံရေးသားပေးပို့ရမှာ ဖြစ်ပါတယ်။

ရွေးချယ်ခံရသူများစာရင်းကိုလည်း မိမိတို့ပေးထားတဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်များကို ဆက်သွယ်ခေါ်ဆို၍လည်း အကြောင်းကြားပေးသွားမှာဖြစ်ပြီး အကယ်၍ ကံထူးခဲ့မယ်ဆိုရင်တော့ ရုပ်ရှင်အခမဲ့ကြည့်ခွင့် လက်မှတ်များကို မိမိတို့ မှတ်ပုံတင်ကတ်ပြားများပြ၍ Mega Ace ရုပ်ရှင်ရုံများတွင် ထုတ်ယူနိုင်ပါတယ်ဆိုတဲ့အကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။ **(သီသီမင်း)**

# (၂၄)နာရီအတွင်း ကြည့်ရှုသူအများဆုံးဖြစ်လာတဲ့ "Beauty and the Beast"



ဟယ်ရီပေါ်တာမင်းသမီးချော အမ်မာဝပ်ဆန်ခေါင်းဆောင်ပါဝင်ထားတဲ့ လိုက်ဖ်အက်ရှင်ရုပ်ရှင်အမျိုးအစား "Beauty and the Beast "ရဲ့ စမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ရုပ်ရှင်ဟာ စတင်ထုတ်လွှင့်ခဲ့ချိန်မှ (၂၄)နာရီအတွင်း အွန်လိုင်းမီဒီယာပေါ်မှာ ကြည့်ရှုသူအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်ဖြစ်လာခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ အဆိုပါရုပ်ရှင်ဟာ အွန်လိုင်းမီဒီယာပေါ်မှာ ယခင်က ကြည့်ရှုသူအများဆုံး စံချိန်တင်ထားခဲ့တဲ့ ရုပ်ရှင်တွေဖြစ်ကြတဲ့ (၂၄)နာရီအတွင်း ကြည့်ရှုသူ ၁၁၄သန်းရှိခဲ့တဲ့ "Fifty Shades Darker"နဲ့ ကြည့်ရှုသူ ၁၁၂ သန်းရရှိခဲ့တဲ့ "Star Wars"တို့ကို ကျော်လွန်ကာ စံချိန်သစ်တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

(၂၄)နာရီအတွင်း ကြည့်ရှုသူ ၁၂၇ ဒသမ ၆ သန်းရရှိစံချိန်တင်ထားခဲ့တဲ့ အဆိုပါရုပ်ရှင်ကို လာမယ့် ၂၀၁၇ ခုနှစ် မတ် ၁၇ ရက်မှာ အမေရိကန်တစ်ဝန်း စတင်ရုံတင်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ယင်းရုပ်ရှင်မှာ ဗြိတိန်မင်းသမီးချော အမ်မာဝပ်ဆန်က အလွန်လှပတဲ့မိန်းမပျိုလေး ဘယ်လီအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ဟောလိဝုဒ်ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ဒန်စတီဗင်စ်နဲ့အတူ တွဲဖက်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။

**အေးပြည့်**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၉-၁၁-၂၀၁၆(စနေနေ့)**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Hyper Sports |
| ၈း၃၅ | ပန်းပျိုးခင်း (အပိုင်း-၆) |
| ၈း၅၀ | "စိတ်အပန်းပြေစရာတို့ချောင်းသာ" |
| ၉း၃၅ | Business News |
| ၁၀း၃၅ | ကဗျာရိပ်မြုံ"တောက်တဲ့၊ ရွှေခဲကြက်တူရွေး၊ မြင်းပျံ" |
| ၁၀း၅၀ | "အဆိပ်အတောက်မဖြစ်စေရေး သန့်ရှင်းရေးကိုဦးစားပေး" |
| ၁၁း၁၅ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး"ငွေသီးနှင့်ငရုတ်သီး" |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁း၂၀ | အနုပညာသတင်းအစီအစဉ် |
| ၂း၂၀ | "ရုပ်ရှင်ရိုက်မယ်"(လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာနိုင်ငံတကာ ရုပ်ရှင်ပွဲတော်)(ငါတို့စွမ်းတယ်) (We Are Able) |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၄၅) |
| ၄း၃၅ | NHK Programme "ဂျင်းနည်းပညာ" (ဂျင်များကိုအသုံးပြုခြင်း) |
| ၅း၁၅ | Football Magazine |
| ၅း၄၀ | နိုဝင်ဘာလအတွက် တစ်လအတွင်းမိုးလေဝသ |
| ၆း၃၅ | Tasty Trip |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "မြွေပျိုမယ်ရဲ့ မာယာကလဲ့စား" (အပိုင်း-၈) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | "မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု၊ အသိပညာပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအကြောင်း သိကောင်းစရာစကားဝိုင်း" (ဒုတိယပိုင်း) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -ဂီတတံခါးလေးဖွင့်ပါဦး -ပြည်သူ့နီတိ"လူ" |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၁၉-၁၁-၂၀၁၆(စနေနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၉း၁၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၉း၃၅ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၅၀ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၁၀း၃၀ | Cooking Art |
| ၁၀း၄၅ | Happy Time |
| ၁၁း၁၀ | English For Myanmar |
| ၁၁း၀၇ | မျိုးချစ်တပ်မတော် |
| ၁၁း၂၀ | အိမ်ရှင်မတို့ရဲ့အချစ်ဆုံး |
| ၁၂း၀၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - တိုင်ပတ်နေတယ် ကျော်ရဲအောင်၊ စိုးမြတ်နန္ဒာနှင့် သရုပ်ဆောင်များ |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရေသူမရဲ့ခြေရာများ အပိုင်း(၁၄) |
| ၁၄း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၅၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၀၀ | Run & Cook |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဖေဖေကြီးကိုချစ်တယ် အပိုင်း(၇၁) |
| ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံသရာတစ်ကွေ့ဝယ် အပိုင်း(၁) - VOA အင်္ဂလိပ်စာသင်ခန်းစာ - လူ့ရွှင်တော်စတား - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အကြင်နာမျက်ဝန်း အပိုင်း(၂၂) |

# ဆောက်ဂိတ်၏သတိပေးမှုကို လျစ်လျူရှုခဲ့သည့် ရွန်းနီ အင်္ဂလန်အသင်းခေါင်းဆောင်နေရာကိုပင် ထိခိုက်နိုင်ခြေရှိ

ရွန်းနီအနေဖြင့် မလျော်ကန်သည့် ဓာတ်ပုံများ ရိုက်ကူးမခံရသေးမီ အင်္ဂလန်ယာယီနည်းပြ ဆောက်ဂိတ်က ရွန်းနီပါတီတွင် အရက်သောက်နေသည်ကို ရပ်တန့်ပြီး အိပ်ရာဝင်ချိန်တန်ပြီဟု အက်ဖ်အေမှ ဝန်ထမ်းနှစ်ဦးကို သွားရောက်သတိပေးမှု ပြုခိုင်းခဲ့သော်လည်း ရွန်းနီက လျစ်လျူရှုခဲ့ခြင်းဖြစ်ကြောင်း မေရာဒေးလီးအွန်လိုင်းသတင်းဌာနက ဖော်ပြသည်။ သို့သော် ရွန်းနီသည် စနေနေ့ ညပိုင်းမှစတင်၍ တနင်္ဂနွေနေ့ နံနက် ၅ နာရီတိုင်အောင် အရက်ဆက်လက် သောက်နေခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ မသင့်လျော်သည့် ဓာတ်ပုံများ ခိုးရိုက်မှုခံခဲ့ရခြင်းဖြစ်သည်။

ယင်းအဖြစ်အပျက်ကြောင့် အက်ဖ်အေအနေဖြင့် အရက်သေစာသောက်စားမှု တားမြစ်ပိတ်ပင်သည့် စည်းမျဉ်းအပြင် နိုင်ငံလက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံထားရသည့် ကာလအတွင်း ညမထွက်ရ စည်းမျဉ်းတစ်ခုကိုပါ အနာဂတ်ကာလတွင် ချမှတ်သွားရန် ရှိနေပြီဖြစ်သည်။ ရွန်းနီက အဆိုပါ ဓာတ်ပုံများကိုလည်း“ မလျော်ကန်သော ”ဟူသော စကားလုံး သုံးနှုန်း၍ အက်ဖ်အေတာဝန်ရှိသူများနှင့် ပရိသတ်များကို ပြန်လည်တောင်းပန်ခဲ့ပြီးဖြစ်သည်။ သို့သော် ယင်းကိစ္စရပ်က ရွန်းနီ၏ အသင်းခေါင်းဆောင်ဆိုသည့် ဂုဏ်သိက္ခာ၊ ခေါင်းဆောင်နိုင်မှုစွမ်းရည်တို့အပေါ် ရိုက်ခတ်မှုရှိခဲ့ပြီး အသင်းခေါင်းဆောင်လက်ပတ်ကိုပါ ဆုံးရှုံးနိုင်သည်အထိ အကျိုးသက်ရောက်မှုရှိကြောင်း အက်ဖ်အေနှင့် နီးစပ်သော အသိုင်းအဝိုင်းမှ သတင်းထွက်လာခဲ့သည်။

ရွန်းနီအနေဖြင့် အနာဂတ်အသင်းခေါင်းဆောင်ဆက်ဖြစ်၊ မဖြစ်ဆိုသည်မှာလည်း အင်္ဂလန်နည်းပြအမြဲတမ်း ခန့်အပ်မှု ပြီးမြောက်ပြီးမှသာ အတည်ပြုနိုင်သည့် ကိစ္စရပ်ဖြစ်လာတော့မည်။ အက်ဖ်အေ အမှုဆောင်အရာရှိချုပ် မာတင်ဂလင်းက အဆိုပါ ကိစ္စရပ်ကို သေချာပြန်လည်သုံးသပ်သွားမည်ဖြစ်သလို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းတွင် အက်ဖ်အေမှ ဝန်ထမ်းများ ပါဝင်ပတ်သက်ခြင်းရှိ၊ ရှိမဆိုသည်ကို စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။



## နိုဝင်ဘာ ၁၉/၂၀ ရက် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ

| | |
|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၁၂** | |
| မန်ယူ - အာဆင်နယ် | ည-၇း၀၀ |
| ခရစ္စတယ်ပဲလေ့စ် - မန်စီးတီး | ည-၉း၃၀ |
| အဲဗာတန် - ဆွမ်ဆီး | ည-၉း၃၀ |
| ဆောက်သမ်တန် - လီဗာပူး | ည-၉း၃၀ |
| စတုတ် - ဘုန်းမောက် | ည-၉း၃၀ |
| ဆန်းဒါးလန်း - ဟားလ်စီးတီး | ည-၉း၃၀ |
| ဝက်ဖို့ဒ် - လက်စတာ | ည-၉း၃၀ |
| **လာလီဂါ ပွဲစဉ် - ၁၂** | |
| ဒီပို့တီဗို - ဆီဗီလာ | ညနေ-၆း၃၀ |
| အီဘား - ဆယ်လ်တာဗီဂို | ည-၁၂း၀၀ |
| အက်သလက် - ရီးယဲလ်မက်ဒရစ် | နံနက်-၂း၁၅ |
| **စီးရီးအေ ပွဲစဉ် - ၁၃** | |
| ချီယေဗို - ကက်ကလီယာရီ | ည-၈း၃၀ |
| အူဒီးနိစ် - နာပိုလီ | ည-၁၁း၃၀ |
| ဂျူဗင်တပ် - ပက်စ်ကာရာ | နံနက်-၂း၁၅ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၈** | |
| မိုချင်ဂလက်ဘတ် - ကိုလုံး | ည-၉း၀၀ |
| မိန့်ဇ် - ဖရိုင်းဘတ် | ည-၉း၀၀ |
| ဝုဖ်ဘတ် - ရှော်လ်ကေး | ည-၉း၀၀ |
| အော့စ်ဘတ် - ဟာသာဘာလင် | ည-၉း၀၀ |
| ဒမ်စတက် - အင်ဂေါ့စတက် | ည-၉း၀၀ |
| ဒေါ့မွန် - ဘိုင်ယန်မြူးနစ် | ည-၁၂း၀၀ |

မောင်မောင်ဇော်

# မန်ယူအသင်း တွစ်တာစာမျက်နှာပေါ်တွင် ရှစ်ဂိုး-နှစ်ဂိုးဟူသော ရလဒ်တင်ခဲ့ခြင်းအတွက် မန်ယူပရိသတ်များက ဖျက်ပစ်ရန် တောင်းဆို

မန်ယူအသင်းက အာဆင်နယ်အသင်းနဲ့ ပွဲကြိုအဖြစ် နိုဝင်ဘာ ၁၇ ရက် (ဗြိတိန်ဒေသစံတော်ချိန် ည ၉ နာရီ ၃၅မိနစ်) "ရှစ်ဂိုး - နှစ်ဂိုးဆိုတဲ့ ရလဒ်ထပ်မံ လုပ်ဆောင်ပြနိုင်ဖို့ ကျွန်ုပ်တို့ အခွင့်အရေးအပြည့်ရှိတယ်"လို့ မန်ယူအသင်း တွစ်တာစာမျက်နှာပေါ် ရေးသားခဲ့ပါတယ်။ မန်ယူအသင်းက အဆိုပါ စာသားနဲ့တကွ လွန်ခဲ့တဲ့ ငါးနှစ်က အာဆင်နယ်ကို ရှစ်ဂိုး-နှစ်ဂိုးနဲ့ အိုးထရက်ဖို့ဒ်မှာ အနိုင်ယူခဲ့စဉ်က ပွဲ ဗီဒီယိုကိုပါ တွဲဖက်တင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ဒီရေးသားချက်ကို မန်ယူအသင်း ပရိသတ်တွေက သဘောကျခြင်း မရှိခဲ့ဘဲ ရေးသားထားချက် ပို့စ်ကို ပြန်ဖြုတ်ပေးဖို့ သူတို့ရဲ့ မှတ်ချက်(Comment) တွေမှတစ်ဆင့် ပြောကြားခဲ့တာကို တွေ့ရပါတယ်။ မန်ယူအသင်းပရိသတ်အတော်များများက မန်ယူအသင်း ဒီလိုတင်ခဲ့တာက တကယ်လို့ ပွဲကစားချိန်မှာအာဆင်နယ်က မန်ယူကိုသာ အနိုင်ကစားနိုင်မယ်ဆိုရင် ကိုယ့်အရှက် ကိုယ်ပြန်ခွဲသလို အဓိပ္ပာယ်သက်ရောက်စေလိမ့်မယ်လို့ ယူဆကြသလို တချို့က ဒီလိုရေးသားထားတဲ့ ပို့စ်ကို ပြန်ဖြုတ်လိုက်တာဟာ အကောင်းဆုံးပဲလို့ ရေးသားထားကြပါတယ်။

ဒီလိုဝင်ရောက် မှတ်ချက်ပြုသူတွေထဲမှာ အမျိုးသားပရိသတ် အများစုပါဝင်သလို အမျိုးသမီးပရိသတ် အတော်များများလည်း ပါဝင်ခဲ့တာကို တွေ့ရပြီး "နစ်"ဆိုတဲ့ အမျိုးသားက "ဖျက်ပစ်လိုက်ပါဗျာ၊ ကျွန်တော်တို့ ရှုံးလိမ့်မယ်"လို့ အာဆင်နယ်အသင်းက မန်ယူအသင်းကို သေနတ်တွေနဲ့ ချိန်ထားတဲ့ ကာတွန်းပုံနဲ့တကွ တင်ခဲ့ပါတယ်။ ■




# မန်ယူကို သေချာပေါက်အနိုင်ကစားမည်ဟု အိုဇေးလ်ကြွေးကြော်

နိုဝင်ဘာ၁၉ရက်တွင် အာဆင်နယ်အသင်းသည် မန်ယူအသင်းကို အိုးလ်ထရက်ဖို့ဒ်ကွင်း၌ သွားရောက်ရင်ဆိုင်ရမည်ဖြစ်သော်လည်း ချယ်လ်ဆီးနှင့် ပွဲစဉ်ကကဲ့သို့ပင် မန်ယူအသင်းကို သေချာပေါက် အနိုင်ကစားပြမည်ဖြစ်ကြောင်း အာဆင်နယ်ကွင်းလယ်လူ အိုဇေးလ်က ထုတ်ဖော်ပြောကြားလိုက်သည်။ အိုဇေးလ်က ချန်ပီယံဖြစ်ချင်သည့် အသင်းသည် အသင်းကြီးများကို အိမ်ကွင်း၊ အဝေးကွင်းမရွေး အနိုင်ကစားပြရမည်ဖြစ်သဖြင့် အာဆင်နယ်အသင်းသည် မန်ယူကို အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရမည်ဖြစ်သော်လည်း ကြောက်ရွံ့စိတ်ကင်းစွာဖြင့် အနိုင်ယူပြမည်ဖြစ်ကြောင်း အိုဇေးလ်က ယုံကြည်သည်။

အိုဇေးလ်က လက်ရှိအာဆင်နယ်၏ ကစားသမား အင်အား၊ စိတ်ပိုင်းဆိုင်ရာ သန်စွမ်းမှုသည် မည်သည့်အသင်းကိုမဆို အနိုင်ယူနိုင်လောက်အောင် ပြည့်စုံနေပြီး ဖြစ်နိုင်လျှင် ဂိုးပြတ်ရလဒ်ဖြင့် အနိုင်ကစားကာ အာဆင်နယ်ပရိသတ်များ ပျော်ရွှင်မှု ဖန်တီးပေးမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ သို့သော် အာဆင်နယ်သည် ယမန်နှစ်က အိုးလ်ထရက်ဖို့ဒ်၌ သွားရောက်ယှဉ်ပြိုင်ခဲ့ရစဉ် ဒဏ်ရာပြဿနာများပြားနေသည့် မန်ယူအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ရသည်။

အိုဇေးလ်က အာဆင်နယ်သည် ယခင်က ချယ်လ်ဆီးကို ရင်ဆိုင်ရလျှင် ရှုံးပွဲကြုံတတ်သော်လည်း ယခုနှစ်တွင်သုံးဂိုးပြတ်ဖြင့် အနိုင်ယူခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ယခင်ကနှင့်မတူသည့် အာဆင်နယ်ကို ပရိသတ်များ မြင်တွေ့ရမည်ဖြစ်ကြောင်းလည်း မှတ်ချက်ပြုပြောကြားခဲ့သည်။

**မေလွဲသင်း - ရေးသားသည်။**

# စီရိုနယ်လ်ဒိုနှင့် ခင်မင်ရင်းနှီးမှုက ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို အဆိပ်သင့်စေ

ကိုလံဘီယာကွင်းလယ်လူ ဂျိမ်းစ်ရိုဒရီဂွက်ဇ် တစ်ယောက် ကမ္ဘာ့ဘောလုံးစူပါစတား စီရိုနယ်လ်ဒိုနှင့် ရီးယဲလ်တွင် ခင်မင်ရင်းနှီးနေခြင်းမှ အဆိပ်အတောက်သင့်စေသည့် အမူအကျင့်များသာ ရရှိလာသည်ဟု ကိုလံဘီယာအသင်း ဂန္ထဝင်ကစားသမား အက်စ်ပီလာက မှတ်ချက်ပြုခဲ့သည်။ စီရိုနယ်လ်ဒို၏ နှစ်လိုဖွယ်မကောင်းသည့် အမူအကျင့်များက ဂျိမ်းစ်ကို လွှမ်းမိုးထားသလို အခြားရီးယဲလ်ကြယ်ပွင့် ကစားသမားများအားလုံးက ဂျိမ်းစ်၏ ကွင်းတွင်းလှုပ်ရှားမှုပုံစံကို ဆိုးကျိုးသက်ရောက်စေခဲ့သည်ဟု အက်စ်ပီလာက ယူဆသည်။

လူငယ်အများစုဖြင့် စုဖွဲ့ထားသည့် ကိုလံဘီယာအသင်း ကစားသမားများက ရီးယဲလ်အသင်းတွင် ကစားနေသည့် ဂျိမ်းစ်ဒရိုဒရီဂွက်ဇ်ကို အထင်ကြီးလေးစားစရာ ကစားသမားတစ်ဦးဟု ရှုမြင်နေကြသည်။ သို့သော် ရိုဒရီဂွက်ဇ်က စီရိုနယ်လ်ဒိုကဲ့သို့ ကိုယ်အမူအရာ ပုံစံအမျိုးမျိုး (Body Language) လုပ်ပြတတ်သလို အသင်းတွင် သူ့အားကျော်လွန်ကာ ဘောလုံးပေးပို့ခြင်း၊ ဂိုးဖန်တီးမှုပေးခြင်းတို့ မနှစ်သက်ဘဲ အသင်းသားများက သူ့ကိုအရိပ်လိုကြည့်နေရသည့် ပုံစံမျိုးကိုလံဘီယာအသင်းတွင် ပြုမူနေသည်။

အက်စ်ပလာက" ကျွန်တော် ဂျိမ်းစ်ကိုချစ်သလို လေးလည်း လေးစားတဲ့သူပါ။ဒါပေမယ့် ကိုလံဘီယာနဲ့ အာဂျင်တီးနား ပွဲကို ကြည့်ရင်းနဲ့တွေ့တာက ခရစ္စတီယာနိုနဲ့ ရင်းနှီးမှုက သူ့ကို ဖျက်ဆီးလိုက်တာပါပဲ။ ဘောလုံးသူ့ကိုမပေးတဲ့အခါ အသင်းဖော်တွေကို လုပ်ပြတဲ့အမူအရာ၊ အသင်းဖော်တွေကို လက်ဟန်နဲ့ပြောတာတွေဟာ ရီးယဲလ်မက်ဒရစ်မှာ စီရိုနယ်လ်ဒို လုပ်နေတဲ့ အမူအကျင့်တွေနဲ့ ထပ်တူကို ဖြစ်နေတော့တာပါပဲ"ဟု အီးအက်စ်ပီအင်န် သတင်းဌာနနှင့် အင်တာဗျူး ပြုလုပ်စဉ် သူ၏အမြင်ကို ပြောကြားခဲ့သည်။ နယူးကာဆယ်နှင့် ပါးမားအသင်းတို့တွင် ကစားခဲ့သည့် အက်စ်ပီလာက ဂျိမ်းစ်အနေဖြင့် ရီးယဲလ်မှ ရရှိသော အတွေ့အကြုံများမှ ကိုလံဘီယာအသင်းဖော်များကို ပံ့ပိုးသင်ကြားပေးရမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။




# မန်ယူကိုရင်ဆိုင်ရမည့်ပွဲတွင် ကာဇိုလာမပါဝင်နိုင်သော်လည်း ဆန်းချက်ဇ်ပါဝင်ရန် သေချာသလောက်ရှိနေ

စနေနေ့(ယနေ့) မန်ယူနှင့် ရင်ဆိုင်မည့် ပွဲစဉ်တွင် အာဆင်နယ်အသင်း၌ ကွင်းလယ်လူ ကာဇိုလာဝင်ရောက်ကစားနိုင်မည် မဟုတ်သော်လည်း အလက်ဆစ်ဆန်းချက်ဇ်ပါဝင်နိုင်ရန် သေချာသလောက်ရှိနေကြောင်း သိရသည်။

ဆန်းချက်ဇ်သည် သောကြာနေ့ နံနက်ပိုင်းအထိ လန်ဒန်မြို့သို့ ပြန်လည်မရောက်ရှိခဲ့သဖြင့် စနေနေ့ နေ့လယ် (ဗြိတိန်စံတော်ချိန်)တွင် ယှဉ်ပြိုင်မည့် မန်ယူနှင့်ပွဲတွင် ပါဝင်နိုင်မှု မရှိသည်ကို အာဆင်နယ်ပရိသတ်များက စိုးရိမ်နေခြင်းဖြစ်သည်။

ဝင်းဂါးက ဆန်းချက်ဇ် အချိန်မီ ပြန်လာမည်ကို သူ့အနေဖြင့် သိထားသလို ကြံ့ခိုင်မှု ပြည့်ဝသဖြင့် ဝင်ရောက်ကစားနိုင်ရန် အဆင်သင့်အနေအထားရှိနေသည်ဟု ဆန်းချက်ဇ်ဘက်မှ ပြောကြားမည်မှာလည်း သေချာကြောင်း ဟာသနှော၍ ပြောကြားခဲ့သည်။

ဆန်းချက်ဇ်မှာ ပွဲစဉ်တိုင်း အမြဲဝင်ရောက်ကစားချင်သူဖြစ်သဖြင့် ကြံ့ခိုင်မှုအနေအထားလုံးဝပြည့်စုံကြောင်း ပြောတတ်သော်လည်း တံကောက်ကြော ဒဏ်ရာပြဿနာ အကင်းမသေမည်ကို စိုးရိမ်မိကြောင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် ဝင်းဂါးက ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဝင်းဂါးက ဆန်းချက်ဇ် ပါဝင်ကစားခဲ့သည်မှာ ချစ်ကြည်ရေးခြေစမ်းပွဲ မဟုတ်ဘဲ ပြိုင်ဘက်ကောင်းကို ရင်ဆိုင်ခဲ့ရသည့် ကမ္ဘာ့ဖလား ခြေစစ်ပွဲဖြစ်သောကြောင့် ပွဲပန်းမှုဒဏ်ကို သေချာပေါက် ခံစားရမည်ကို မိမိသဘောပေါက်ထားကြောင်း ပြောကြားခဲ့သည်။

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




### ရှစ်ပါးသော လောကဓံ

လောကဓံရှစ်ပါးဟု ဘုရားဟော ရှိပါသည်။ ဗုဒ္ဓဘာသာဝင် သက်ကြီးပိုင်းအများစု သိရှိထားကြပြီး ဖြစ်လိမ့်မည် ထင်ပါသည်။ ဗုဒ္ဓဘာသာဝင် လူငယ်တွေနှင့် ဘာသာခြားတွေ မသိသေးက သိအောင် အရပ်သုံးစကားနှင့် ထိုလောကဓံ ရှစ်ပါးကို ဦးစွာ စာရင်းချပြပါရစေ။

စာလိုတော့ ပစ္စည်းဥစ္စာ ရခြင်းနှင့် မရခြင်းမှာ ပထမနှစ်ပါးဖြစ်လေသည်။ ဆိုလိုသည်မှာ ငွေဝင်ခြင်း၊ မဝင်ခြင်း၊ ရွှေငွေ အိုးအိမ်စည်းစိမ်ရခြင်း၊ မရခြင်းပင်ဖြစ်လေသည်။ နောက်အတွဲ နှစ်တွဲမှာ အခြွေအရံများခြင်း၊ မများခြင်းဖြစ်သည်။ မိမိအနားမှာ ကူဖော်လောင်ဖက် ပေါများခြင်း၊ တစ်ယောက်မှ မရှိခြင်းမှသည် မိတ်ဆွေအပေါင်းအသင်းပေါများခြင်း၊ မရှိသလောက် နည်းပါးခြင်းအထိ ပါဝင်ပါသည်။ တတိယတစ်တွဲမှာ ချီးမွမ်းခံရခြင်း၊ ကဲ့ရဲ့ခံရခြင်းဖြစ်ပေရာ အကျယ် ပြောစရာလိုမည်မထင်ပါ။ နောက်ဆုံးတစ်တွဲကား ကိုယ်စိတ်ချမ်းသာခြင်း၊ မချမ်းသာခြင်းပင်ဖြစ်လေသည်။ ထိုအထဲမှာ ကိုယ်ချမ်းသာသည်ဆိုခြင်းမှာ ကျန်းမာခြင်းလည်း ပါဝင်သည်ဟု နားလည်ပါသည်။ ဆိုတော့ ကျန်းမာခြင်း၊ မကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်း၊ မချမ်းသာခြင်းပေါ့။

လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ကိုးကွယ်ယုံကြည်မှုတွေ မည်မျှပင် ကွဲပြားနေစေကာမူ လူရယ်လို့ ဖြစ်လာမှတော့ ထိုလောကဓံရှစ်ပါးကို မည်သူမျှ ရှောင်လွှဲ၍ မရနိုင်ပါ။ ရှောင်လို့ မရကာမှ မရရော၊ ကောင်းသော လောကဓံနှင့် ဆုံကြုံသည့်အခါ နှလုံးစိတ်ဝမ်းမြေ့ချမ်းပျော်ရွှင်မိတတ်ကြသလောက် အဆိုးလောကဓံနှင့် ကြုံလျှင်မူ ငြူစူညိုးချုံးနှလုံးမချို ဖြစ်မိတတ်ကြသည်မှာလည်း အများသူငါဖြစ်လိမ့်မည် ထင်ပါသည်။

### ကျွန်တော်နှင့် ခြောက်ပါး

ကျွန်တော်ကတော့ လောကဓံ ရှစ်ပါးအနက် ခြောက်ပါးကို အတော်လေး အမှုမထားတတ်သူမျိုးဖြစ်လေသည်။ ပစ္စည်းဥစ္စာ၊ ရခြင်း၊ မရခြင်းအတွက် ဘာမှ သိပ်တုန်တုန်လှုပ်လှုပ် မဖြစ်မိပါချေ။ ငယ်ဘဝကတည်းက လိုအင်အတော်များများ မပြည့်မစုံနှင့် ချို့ချို့ငဲ့ငဲ့ဘဝကို ဖြတ်သန်းဖူးခဲ့ပြီဖြစ်သလို အသက်(၄၀)ကျော် အတော်ကြီးဟုတ်နေခါမှ တစ်ပြားတစ်ချပ်မှ မရှိတော့သည့် ဘဝကိုလည်း ရင်ဆိုင်ခဲ့ဖူးပါပြီ။ ထို့ကြောင့် ရလျှင်လည်း သုံးလိုက်၊ မရလည်း ဗိုက်မှောက်နေလိုက်ဘဝမှာ ထုသားပေသားကျနေပြီဟု မိမိကိုယ်ကို ထင်မြင်ယူဆမိပါသည်။ ကျွန်တော့် လမ်းစဉ်ကား မနားတမ်းကြိုးပမ်းရေးသာ ဖြစ်ပေသည်။ မိမိ၏ ကိုယ်နှုတ်နှလုံး သုံးပါးစလုံးကို မနားတမ်းစေခိုင်းနေသမျှ အောင်မြင်ခြင်း၊ ကျဆုံးခြင်း၊ ပစ္စည်းဥစ္စာ၊ ရခြင်း၊ မရခြင်းတို့ကို သိပ်ကြောင့်ကြမစိုက်မိတော့ချေ။

ဒုတိယကမ္ဘာစစ်ကာလက ဗြိတိသျှ နန်းရင်းဝန် ဝင်စတန်(န်) ချာချစ်(လ်) ပြောခဲ့ဖူးသော စကားတစ်ခွန်း ရှိသည်။ "အောင်မြင်ခြင်းက လမ်းဆုံးမဟုတ်သလို ကျဆုံးလို့လည်း ဘဝတုံးမသွားနိုင်ပါ။ အရေးကြီးသည်ကား ခရီးဆက်ရဲတဲ့ သတ္တိသာဖြစ်သည်"ဟူ လို။ ထိုစကားက ကျွန်တော့်အတွက် အားဖြစ်ခဲ့ပါသည်။ မသေမချင်း ခရီးဆက်နှင်နေဖို့သာ လိုသည်ဟု ခံယူထားပါသည်။ ထို့အတွက် ပထမ လောကဓံအတွဲကို သိပ်အမှုမထားမိလှချေ။

ဒုတိယအတွဲဖြစ်သော အခြွေအရံကိစ္စလည်း ထိုနည်းနှင်နှင်။ ကျွန်တော့်မှာ မွေးချင်းမရှိ။ မွေးစမှသည် အသက် (၁၀)ကျော် အရွယ် လူပျိုဘဝအထိ တစ်ဘဝလုံးမှာ အဖေရယ်၊ အမေရယ်၊ ကျွန်တော်ရယ် သုံးဦးပေါင်းမှ တစ်မိသားစုဖြစ်သည်။ နေရသည်ကလည်း ကယားပြည်နယ် လောပိတဆိုတော့ အမေ့အမျိုးတွေနှင့် ခပ်ခွာခွာ။ အမေ့မှာကလည်း ပြေးကြည့်မှ အစ်ကိုတစ်ယောက်သာရှိသလို ထိုအစ်ကိုကလည်း သားသမီး မထွန်းကားပြန်ရာ အမေ့ဘက်က အမျိုးဆိုသည်မှာ ကျွန်တော်နှင့် ခပ်လှမ်းလှမ်းက ဖြစ်နေပါသည်။ အဖေကလည်း သူ့ဇာတိကို ဇာတ်မြှုပ်၊ သူ့အမျိုးအဆွေတွေကို အဆက်အသွယ် လုံးဝမလုပ်ခဲ့သဖြင့် အဖေ့အမျိုးတွေကို လမ်းမှာပဲ တွေ့တွေ့၊ တစ်စားပွဲထဲပင် ထိုင်ထိုင် ကျွန်တော့်မှာ သိနိုင်စရာအကြောင်းမရှိတော့ပြန်ချေ။

ဆိုလိုသည်မှာ ငယ်ငယ်ကတည်းက အထီးတည်း နေသားကျပြီး ဖြစ်ပေရာ ကျွန်တော့်အတွက် အခြွေအရံကိစ္စကို တခါမှ မဥပါဒ်မိတော့ပြန်ချေ။ အိမ်ထောင်ကျတော့လည်း ကျွန်တော့်အိမ်သူက ခပ်အေးအေး၊ ဘာသိဘာသာပင် နေတတ်သူ ဖြစ်ပြန်သည်။ သမီးနှင့်သား ရလာတော့ ဟုတ်သလိုလို။ သို့သော် အရွယ်လေးတွေ ကိုယ်စီရောက်လာကြသောအခါ သူတို့လည်း သူတို့ဘာသာအေးအေးဆေးဆေး ကိုယ့်အခန်း ကိုယ်အောင်းနေကြသည်မို့ အထီးတည်း ဘဝမှာ အသားကျနှင့်ပြီး ကျွန်တော့်အတွက် ထူးပြီးမခံစားမိတော့ပြန်ချေ။

အလုပ်နှင့် ပတ်သက်သော မိတ်ဆွေအပေါင်းအသင်း၊ စာဖတ်ပရိသတ်၊ ဟောပြောပွဲ ပရိသတ်ဆိုသည်ကတော့ အခုအခါမှာ အတော်အတန် များပြားလှပါသည်။ သွားလေရာ အသိမိတ်ဆွေ တွေ့ရပါစေရဲ့ဟု ဆုတောင်းထားမိသလို နေရာတိုင်းလိုလိုမှာ သိကျွမ်းသူများနှင့် ဆုံတတ်ပါသည်။ မည်သူ့ကိုမဆို အကျွမ်းတဝင်၊ ရွှင်ရွှင်သောသော ဆက်ဆံတတ်သော ဉာဉ်သဘောကြောင့် ခင်သောသူတွေလည်း များပေရာ ထိုအပိုင်းမှာ အခြွေအရံများသည်ဟု ဆိုချင်ဆိုနိုင်ပါလိမ့်မည်။ သို့သော် ကျွန်တော့်အင်္ဂစိတ်က စိတ်ပညာဝေါဟာရနှင့် ပြောလျှင် 'အတွင်းစွဲ' ဖြစ်လေသည်။ ဆိုလိုသည်မှာ တစ်ယောက်တည်းနေရတာကို ပိုနှုံမင်သော စိတ်အခံနှင့် ဖြစ်ပေရာ လေ့ကျင့်ထားသော အကျင့်အရသာ လူအများနှင့် ရောနှောတတ်ပေမင့် ပင်ကိုသဘာဝအရ အထီးတည်းနေရသည်ကို ပိုမက်ပါသည်။ ပျဉ်းမနား မဟာမြိုင်တောရ ဆရာတော်ဦးဇောတိက တစ်ခါက ကိုးကားခဲ့ဖူးသော ရှေးခေတ်ဂျပန်ဆာမူရိုင်းတစ်ယောက်၏ အဆိုအမိန့်အတိုင်း 'ကိုယ့်စိတ်က ကိုယ့်မိတ်ဆွေ' ဖြစ်နေပေရာ အခြွေအရံလောကဓံကိုလည်း ထူးပြီး မတုန်လှုပ်မိပြန်တော့ချေ။

နောက်ဆုံး လောကဓံနှစ်ပါးဖြစ်သည့် ကျန်းမာခြင်း၊ မကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်း၊ မချမ်းသာခြင်းမှာလည်း အခုအချိန်ထိတော့ ကျွန်တော့်အပေါ် ရိုက်ခတ်နိုင်စွမ်း နည်းပါသေးသည်။ ယာဉ်မတော်တဆမှု နှစ်ကြိမ်မှာ သေကောင်ပေါင်းလဲ နာကျင်ခံစားခဲ့ရဖူးပါသည်။ ဒုတိယအကြိမ်မှာ လွန်ခဲ့သော (၁၃)နှစ်၊ ကျွန်တော့်အသက် (၄၀)ကျော်မှာ ဖြစ်ပေရာ စိတ်ကို တော်တော်ထားတတ်နေပါပြီ။ တရားသဘောကို ဆင်ခြင်နှလုံးသွင်းမိသွားသဖြင့် ခံစားရသော ဝေဒနာသည်ပင်လျှင် ထက်ဝက်မက လျော့ကျသွားခဲ့သည်ကား ကိုယ်တွေ့ပင်။ ကိုယ်ခန္ဓာမှာ နာကျင်တာက သတ်သတ်၊ ကိုယ့်စိတ်မှာ မနာကျင်အောင် ဆင်ခြင်နှလုံးသွင်းတတ်သွားခဲ့ခြင်းပင်ဖြစ်ပါသည်။ နောင်အခါ ဗျာဓိနှင့် ကြုံလာလျှင် ထိုသို့သာ ရင်ဆိုင်နိုင်လိမ့်မည် ထင်ပါသည်။

### ကျန်နှစ်ပါးနှင့် ကျွန်တော်

ထို လောကဓံ ခြောက်ပါးကို ကျွန်တော် ကောင်းကောင်းကြီး ခံနိုင်သည်ဟု ယူဆယုံကြည်မိသော်လည်း လွန်ခဲ့သော ၃ နှစ်ခန့်အထိ ကျွန်တော် မခံနိုင်သော လောကဓံကား ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကိုပင် ဖြစ်လေသည်။ ကျွန်တော်ကား အလွန်အရေပါးသူ ဖြစ်ထသည်။ အချီးမွမ်းခံရလျှင် သဘောတွေ့မနောခွေ့သည်။ အကဲ့ရဲ့ခံရလျှင် ဆွေ့ဆွေ့ခုန်တတ်သည်၊ ဝမ်းနည်းတတ်သည်၊ ဒေါသဖြစ်တတ်လေသည်။ လူပီသခြင်းပေပဲဟု ကိုယ့်အတွက် တစ်ကွက်ချန်ကာ တွေးထားမိတတ်ပါသည်။

အထက်တွင် ရည်ညွှန်းခဲ့သော ပျဉ်းမနား မဟာမြိုင်တောရ ဆရာတော်၏ အဆိုအမိန့်တစ်ခု ရှိပါသည်။ "သူများပါးစပ် လှုပ်တိုင်းသာ လိုက်လှုပ်နေမယ် ဆိုရင် ကိုယ့်ဘဝဟာ သူများပါးစပ်ထဲမှာပဲ လမ်းဆုံးသွားလိမ့်မယ်"ဟူသတည်း။ ထိုအဆိုအမိန့်ကို အလွန်သဘောကျပါသည်။ သူတစ်ပါးကြောင့် လှုပ်ခတ်နေသူတွေကို နှစ်သိမ့်ပေးရာမှာ ဆရာတော့် အဆိုအမိန့်ကို အကြိမ်တစ်ရာမကကိုးကားခဲ့ဖူးပါသည်။ သို့သော် ကျွန်တော်ကိုယ်တိုင်ကမူ လှုပ်ခတ်လို့ ကောင်းနေမိခဲ့ဆဲသာ ဖြစ်လေသည်။

တစ်ခုတော့ ရှိသည်။ ကျွန်တော်ဖတ်ထားသောစာများ ကျေးဇူးကြောင့် လူသိရှင်ကြားတော့ မလှုပ်ခတ်ပြတတ်ပါ။ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ နီးပါး၊ ကျွန်တော် စာစရေးကတည်းက ဝေဖန်သံတွေ စီညံနေခဲ့ပါသည်။ ကျွန်တော်ကလည်း အကျင့်မကောင်းလှချေ။ စာရေးလျှင် တိုတိုနှင့်လိုရင်း ရေးရမည့်အစား ဟိုဝေ့သည်ဝိုက်နှင့် ရေးတတ်ပေရာ ဟိုငြိ သည်ငြိ မချိတရိဖြစ်ကုန်ကြသည်မှာလည်း မနည်းလှချေ။ ရေးဖော်ကြီး ဆရာမျိုးမြတ်သူက ကျွန်တော့်ကို "ဆူးလှည်းကြီး"ဟုပင် အန္တတ္တသညာပြုခဲ့ပေရာ ယနေ့ထက်တိုင် ကျွန်တော့်ကို ထိုသို့ ခေါ်တွင်နေသူတွေ ရှိကြပါသည်။ ဝမ်းနည်းစရာ မဟုတ်ပါ။ ဘယ်သူမပြု မိမိမှုပင် မဟုတ်တုံလော။

ဝေဖန်သံတွေကို နားဆင်ရင်း လှုပ်လှုပ်ခတ်ခတ် ဖြစ်ရသည်များက အကြိမ်ပေါင်း မနည်းလှသည့်တိုင် စာမျက်နှာထက်မှာ လူသိရှင်ကြားတော့ ကျွန်တော် မတုံ့ပြန်ဖူးပါ။ တုံ့ဏှိဘာဝေ ဆိတ်ဆိတ်နေခဲ့သည်ချည်းသာ ဖြစ်ပါသည်။ သူတို့ ဝေဖန်တာ မှန်နေပြီး ကျွန်တော် ပြောတာ၊ တွေးတာ၊ ရေးတာ လွဲသွားလျှင်မူ လူသိရှင်ကြားပင် ဝန်ခံတောင်းပန်လိုက်ပါသည်။ ပုဂ္ဂိုလ်ရေး တိုက်ခိုက်ထိုးနှက်တာများကိုမူ စိတ်ထဲက မခံချင်လှသည့်တိုင် မခံချင်စိတ်ကို ဇွတ်မှိတ်မျိုသိပ်ထားလိုက်ပါသည်။

### လူမှုမီဒီယာ၊ ထိုနှစ်ပါးနှင့် ကျွန်တော့် မြင်ဆရာ နှစ်ပါး

လူမှုမီဒီယာ တွင်ကျယ်လာသည့် လွန်ခဲ့သော ၇ နှစ်တာအတွင်းမှာ အစောပိုင်းက ကျွန်တော် အကဲဆတ်ခဲ့ပါသည်။ တကယ့် မတစ်ရာသားများနှင့် ဆုံရပြီဖြစ်ရာ တချို့တင်စားကြသလို "စာအုပ်မျက်နှာစာ"မည်သော လူမှုမီဒီယမ်မှာ "ဈေးအိမ်သာ နံ့ရံ"နှယ်၊ လူတကာက တွေ့ကရာ ဝင်ရေးကြလေသောအခါ တစ်ချက်တစ်ချက်မှာ ကျွန်တော်သတိလက်လွတ်ဖြစ်သွားလေ့ရှိခဲ့ဖူးသည်ကို ဘယ်သူမှ ရိုက်မစစ်ဘဲ ဝန်ခံဖြောင့်ချက်ပေးလိုပါသည်။ အကဲဆတ်လှသည့် ကျွန်တော့် ထိုစိတ်ကို သူတို့မသိဘဲ တိတ်တိတ်ကလေး ပြင်ပေးသွားသူ နှစ်ဦးရှိပါသည်။ တစ်ဦးမှာ ယခင်ပြန်ကြားရေးဝန်ကြီးဟောင်း ဦးရဲထွဋ်ဖြစ်လေသည်။

ဦးရဲထွဋ်သည် စာအုပ်မျက်နှာစာကို အမှန်တကယ်သုံးသည့် ဝန်ကြီးဖြစ်ခဲ့လေသည်။ သူ့ကိုဆိုလျှင် ယနေ့သူ ဝန်ကြီးရာထူးမှ နားသွားပြီ ဖြစ်သည့်တိုင် အမနာပ ပြောမည့်သူတွေက မစဲနိုင်သေး။ ရင့်ရင့်သီးသီး ဆဲဆိုနေသူတွေကိုလည်း မြင်နေရသည်။ သူကား ဝန်ကြီးဘဝတုန်းကလည်း အေးအေးဆေးဆေး၊ ယခုလည်း အေးအေးဆေးဆေး။ အကြောင်းအရာ အချက်အလက်အရ ပြန်ပြောဖို့လိုလျှင် ခပ်တိုတိုပြန်ပြောသည်။ ဆဲဆို ရင့်သီးနေတာတွေ၊ တိုက်ခိုက်နေတာတွေကို ဖျက်လည်းမပစ်၊ တုံ့လည်း မတုံ့ပြန်။ သူ့ခံနိုင်ရည်ကို စကတည်းက သြချမိခဲ့ရသည်အထိပင်။ ကျွန်တော်သည် သူ့နမူနာကို ကောင်းစွာယူခဲ့ပြီး သူ့အတုကိုလည်း တတ်နိုင်သမျှ ခိုးခဲ့ပါသည်။ သူလိုပင် မိမိအား တိုက်ခိုက်ထိုးနှက်လာသူတွေကို ဘာမှခွန်းတုံ့မပြန်ဘဲ နေတတ်လာသည်မှာ သူ့ကျေးဇူးပင် ဖြစ်ပါသည်။

နောက်တစ်ဦးမှာ ပျဉ်းမနား ပေါင်းလောင်းဘက်မှာ "လင်္ကာနန်းအိမ်" ဘွဲ့ခံ ပန်းချီဆရာ၊ ကာတွန်းဆရာ အနုပညာရှင်ဖြစ်ပါသည်။ သူကကျတော့ ပေါင်းလောင်းမှာ တယ်လီဖုန်းဆိုင် ဖွင့်ထားသည်။ တစ်နေ့သောအခါ သူ့ကို ခပ်နွမ်းနွမ်းမိန်းကလေးတစ်ဦးက စာအုပ်မျက်နှာစာမှာ သူ့အတွက် စာရင်းလာဖွင့်ခိုင်းသည်။ ထိုမိန်းကလေးကို မြင်ဖူးပါသည်ဟု စဉ်းစားရင်း ပေါ်လာသည်ကား အနီးကလေးမှာ ဆရာလင်္ကာနန်းအိမ် ထိုင်နေကျလက်ဖက်ရည်ဆိုင်အဝတွင် ခွက်ထိုးခံပြီး တောင်းစားနေသော ကလေးမလေး ဖြစ်သည်ဟူသတတ်။ ထိုကလေးမသည် အချစ်ငတ်မလေးတို့၊ ဒီမိုမောင်တို့၊ ယမင်းသူဇာတို့၊ မြင့်မြတ်သူတို့လို နာမည်လှလှလေးဖြင့် စာအုပ်မျက်နှာစာထက် တက်ရောက်လာတော့မည်မှာလည်း မလွဲပါချေ။

ထိုအကြောင်းကို သူရေးပြီး တင်လိုက်ကတည်းက ဈေးအိမ်သာနံ့ရံပေါ်က ရေးထားသမျှကို ဖတ်မိပြီးနောက် လှုပ်ခတ်လေ့ရှိသော ထိုအကြောလေး အလိုလို ပြတ်သွားလေတော့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။ သူဖုန်းစားကပဲဖြစ်ဖြစ်၊ ကိုယ်မသိသူကပဲဖြစ်ဖြစ်၊ ကိုယ်သိထားသူပဲဖြစ်ဖြစ် လူမှုမီဒီယာပေါ်မှာ ရေးသမျှ၊ ပြောသမျှကို လိုက်လှုပ်ခတ်နေမည် ဆိုပါက ထိုသူလောက် ဆင်းရဲကြီးသူ ရှိမည်မဟုတ်ကြောင်းကို မြင်လာမိသောကြောင့်ပင်တည်း။

ယခုသော် တစ်ချိန်က ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းမည်သော လောကဓံနှစ်ပါးနှင့်ကြုံလေတိုင်း အရိုင်းစိတ်ဝင်တတ်သည့် ကျွန်တော်တစ်ယောက် လောကဓံ ရှစ်ပါးလုံးကို မတုန်လှုပ်ပါဟု ရဲရဲကြီးမဆိုဝံ့သည့်တိုင် အတန်အသင့်တော့ ရင်ဆိုင်ကျော်လွှားနိုင်ပြီဟု ပြောချင်လာမိရပါသည်။

ယခု ကျွန်တော့်စာကို ဖတ်နေသူ လူကြီးမင်းများထဲတွင်လည်း လောကဓံ အထွေထွေနှင့် ကြုံပါလေတိုင်း လှုပ်တတ်၊ ခတ်တတ်သူတွေ မလွဲမသွေ ပါနေတန်ကောင်းပါသည်။ ထိုသို့သော ပုဂ္ဂိုလ်များအတွက် ဆင်ခြင်ကြည့်စရာ တစ်စုံတစ်ရာများ ရလေမလားဟူသော အတွေးဖြင့် သည်စာကို မရဲတရဲ ရေးလိုက်ရပြန်ပါသည်။ အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ကျန်လိမ့်မည်ဟု ယူဆမိပါသတည်း။ ။

သူဖုန်းစားကပဲဖြစ်ဖြစ်၊ ကိုယ်မသိသူကပဲဖြစ်ဖြစ်၊ ကိုယ်သိထားသူပဲဖြစ်ဖြစ် လူမှုမီဒီယာပေါ်မှာ ရေးသမျှ၊ ပြောသမျှကို လိုက်လှုပ်ခတ်နေမည် ဆိုပါက ထိုသူလောက် ဆင်းရဲကြီးသူ ရှိမည်မဟုတ်ကြောင်းကို မြင်လာမိသောကြောင့်ပင်တည်း။

Premier League

## ပရီမီယာလိဂ်ရင်ခုန်သံ - ၁၂

# အိုးလ်ထရက်ဖို့ဒ်မှာအာဆင်နယ်ကိုအခက်တွေ့စေမယ့်မန်ယူ

ပရီးမီးယားလိဂ်ပွဲစဉ်-၁၂ ကိုလာမယ့် နိုဝင်ဘာ ၁၉၊ ၂၀၊ ၂၂ ရက်နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ မန်ယူနဲ့အာဆင်နယ်ဆုံတွေ့နေသလို မန်စီးတီး၊ စပါးတို့လည်းနိုင် ပွဲပြန်လည်ရှာဖွေမယ့်ပွဲတွေပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ပိုမို ကောင်းမွန်နေပါတယ်။

**ရှိုင်း မင်း မင်း**

### ထိပ်တန်းဂိုးသွင်းရှင်များ

| | |
|---|---|
| ကော်စတာ(ချယ်လ်ဆီး) | - ၉ ဂိုး |
| အဂူရို(မန်စီးတီး) | - ၈ ဂိုး |
| ဟာဇက်(ချယ်လ်ဆီး) | - ၇ ဂိုး |
| လူကာကူ(အဲဗာတန်) | - ၇ ဂိုး |
| ဒီဖိုး( ဆန်းဒါးလန်း) | - ၆ ဂိုး |
| အီဗရာဟီမိုဗစ်ချ်( မန်ယူ) | - ၆ ဂိုး |



### ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | လီဗာပူး | ၁၁ | ၈ | ၂ | ၁ | ၃၀ | ၁၄ | ၁၆ | ၂၆ |
| ၂ | ချယ်လ်ဆီး | ၁၁ | ၈ | ၁ | ၂ | ၂၆ | ၉ | ၁၇ | ၂၅ |
| ၃ | မန်စီးတီး | ၁၁ | ၇ | ၃ | ၁ | ၂၅ | ၁၀ | ၁၅ | ၂၄ |
| ၄ | အာဆင်နယ် | ၁၁ | ၇ | ၃ | ၁ | ၂၄ | ၁၁ | ၁၃ | ၂၄ |
| ၅ | စပါး | ၁၁ | ၅ | ၆ | ၀ | ၁၅ | ၆ | ၉ | ၂၁ |
| ၆ | မန်ယူ | ၁၁ | ၅ | ၃ | ၃ | ၁၆ | ၁၃ | ၃ | ၁၈ |
| ၇ | အဲဗာတန် | ၁၁ | ၅ | ၃ | ၃ | ၁၅ | ၁၃ | ၂ | ၁၈ |
| ၈ | ဝက်ဖို့ဒ် | ၁၁ | ၄ | ၃ | ၄ | ၁၅ | ၁၉ | -၄ | ၁၅ |
| ၉ | ဘန်လေ | ၁၁ | ၄ | ၂ | ၅ | ၁၁ | ၁၅ | -၄ | ၁၄ |
| ၁၀ | ဆောက်သမ်တန် | ၁၁ | ၃ | ၄ | ၄ | ၁၂ | ၁၂ | ၀ | ၁၃ |
| ၁၁ | ဝက်စ်ဘရွန်း | ၁၁ | ၃ | ၄ | ၄ | ၁၂ | ၁၅ | -၃ | ၁၃ |
| ၁၂ | စတုတ် | ၁၁ | ၃ | ၄ | ၄ | ၁၃ | ၁၈ | -၅ | ၁၃ |
| ၁၃ | ဘုန်းမောက် | ၁၁ | ၃ | ၃ | ၅ | ၁၃ | ၁၆ | -၃ | ၁၂ |
| ၁၄ | လက်စတာ | ၁၁ | ၃ | ၃ | ၅ | ၁၃ | ၁၈ | -၅ | ၁၂ |
| ၁၅ | မစ်ဒယ်ဘရော့ | ၁၁ | ၂ | ၅ | ၄ | ၁၀ | ၁၂ | -၂ | ၁၁ |
| ၁၆ | ခရစ္စတယ်ပဲလေ့စ် | ၁၁ | ၃ | ၂ | ၆ | ၁၆ | ၁၉ | -၃ | ၁၁ |
| ၁၇ | ဝက်စ်ဟမ်း | ၁၁ | ၃ | ၂ | ၆ | ၁၁ | ၂၀ | -၉ | ၁၁ |
| ၁၈ | ဟားလ်စီးတီး | ၁၁ | ၃ | ၁ | ၇ | ၁၀ | ၂၄ | -၁၄ | ၁၀ |
| ၁၉ | ဆွမ်းဆီး | ၁၁ | ၁ | ၂ | ၈ | ၁၀ | ၂၁ | -၁၁ | ၅ |
| ၂၀ | ဆန်းဒါးလန်း | ၁၁ | ၁ | ၂ | ၈ | ၉ | ၂၁ | -၁၂ | ၅ |

### မန်ယူ - အာဆင်နယ်

**ည ၇း၀၀ (၁၉-၁၁-၁၆)**

ခြေစွမ်းပိုင်းအရနှိုင်း ယှဉ်ကြည့်မယ်ဆိုရင်တော့ လက်ရှိအချိန်မှာ မန်ယူထက် အာဆင်နယ်ကပိုမိုကောင်းမွန်မှုရှိနေပါတယ်။ ဒါပေမယ့်လည်းမန်ယူအနေနဲ့ ပရီမီယာလိဂ်မှာအမှတ်လိုအပ်နေတာ ကြောင့် အားစိုက်လာဖို့ရှိနေသလို အိမ်ကွင်းလည်းဖြစ်နေလို့ အာဆင်နယ်ကိုထိန်းချုပ်နိုင်မှာပါ။ နှစ်သင်းစလုံးဥရောပပွဲရှိပေမယ့်မန်ယူရဲ့ ယူရိုပါလိဂ်ကနောက်ကျလို့ မန်ယူတို့ပိုမိုအားစိုက်လာမယ်ဆိုရင် သရေလောက်တော့ကစားနိုင်ဖို့ရှိပါတယ်။

### အဲဗာတန် - ဆွမ်ဆီး

**ည ၉း၃၀ (၁၉-၁၁-၁၆)**

အဲဗာတန်က ချယ်လ်ဆီးကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ချယ်လ်ဆီးနဲ့ပွဲမှာ အဲဗာတန်ခြေစွမ်းပိုင်းအားနည်းမှုတွေများခဲ့ပေမယ့်လည်း ဒီပွဲကအိမ်ကွင်းဖြစ်ပါတယ်။ ဒါ့အပြင်လက်ရှိအချိန်မှာဆွမ်ဆီးရဲ့ ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေများလွန်းနေတာကြောင့် အဲဗာတန်တို့အခွင့် အရေးရနိုင်ကာ နိုင်ပွဲလည်းရယူနိုင်ဖို့ရှိပါတယ်။

### စတုတ် - ဘုန်းမောက်

**ည ၉း၃၀ (၁၉-၁၁-၁၆)**

စတုတ်ခြေစွမ်းပိုင်းကကောင်းမွန်မှုရှိနေပါတယ်။ နောက်ဆုံး ကစားခဲ့တဲ့ ငါးပွဲမှာရှုံးပွဲမရှိခဲ့ဘဲ သုံးပွဲတိတိအနိုင်ရခဲ့တာကိုတွေ့ရပါတယ်။ ဒီပွဲစဉ်ကလည်း အိမ်ကွင်းဖြစ်တာကြောင့်နိုင်ပွဲရ ယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါ့အပြင်လက်ရှိအချိန်မှာလည်း ဘုန်းမောက်ရဲ့ ခြေစွမ်းပိုင်းကအားနည်းမှုတွေရှိနေတာကြောင့် စတုတ်တို့အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းရယူသွားနိုင်မှာပါ။

### ဝက်ဖို့ဒ် - လက်စတာ

**ည ၉း၃၀ (၁၉-၁၁-၁၆)**

လက်စတာဟာ ပရီးမီးယားလိဂ်မှာအမှတ်လိုအပ်နေလို့ဒီပွဲစဉ် မှာနိုင်ပွဲရယူနိုင်ဖို့ဦးတည်ကစားလာမှာသေချာနေပါတယ်။ လက်စ တာအနေနဲ့ ချန်ပီယံလိဂ်မှာနောက်တစ်ဆင့်တက်နိုင်ဖို့သေချာနေပေမယ့် အုပ်စုပထမရဖို့အတွက်တော့ အားစိုက်ရဦးမှာဖြစ်လို့ဒီပွဲစဉ်မှာ ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်တာကိုတော့ သတိပြုရမှာဖြစ်ပါတယ်။ ဒါ့အပြင်ဝက်ဖို့ဒ်ခြေကလည်း ကောင်းမွန်မှုရှိသလိုအိမ်ကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံ ပိုကောင်းတတ်လို့ လက်စတာအခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်ဖို့ရှိနေပါတယ်။

### မစ်ဒယ်ဘရော့ - ချယ်လ်ဆီး

**ည ၁၀း၃၀ (၂၀-၁၁-၁၆)**

အာဆင်နယ်နဲ့ မန်စီးတီးကိုသရေကစားနိုင်သလို ဘုန်းမောက်ကို အနိုင်ရယူနိုင်ခဲ့တဲ့ မစ်ဒယ်ဘရော့ရဲ့ ဒီနောက်ပိုင်းစွမ်းဆောင်ရည်က ကောင်းမွန်မှုရှိပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် အမှတ်ရယူနိုင်ဖို့ မစ်ဒယ်ဘရော့တို့ခံစစ်အားပြုကစားလာမှာဖြစ်နေတာကြောင့်လည်း ချယ်လ်ဆီးတို့အခက်တွေ့နိုင်ပါတယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးခြေစွမ်းပိုင်းကကောင်းမွန်မှုရှိတယ် ဆိုပေမယ့်လည်း ဒီပွဲစဉ်မှာကပ်ပြီးသာနိုင်ဖို့ရှိပါတယ်။

### ပဲလေ့စ် - မန်စီးတီး

**ည ၉း၃၀ (၁၉-၁၁-၁၆)**

မန်စီးတီးက ပွဲစဉ်-၁၁ မှာနိုင်ပွဲမရခဲ့တာကြောင့် ဒီပွဲစဉ်မှာနိုင် ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ မန်စီးတီးအနေနဲ့ ဒီပွဲစဉ်အပြီးမှာချန်ပီယံလိဂ်ကစားရဖို့ရှိတာကြောင့်ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပေမယ့်လည်း လက်ရှိအချိန်မှာပဲလေ့စ်ရဲ့ ခြေစွမ်းပိုင်းက လည်းအားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့်ပဲလေ့စ်ခံစစ်ပိုင်း က ပုံစံကောင်းမရသေးတာကြောင့် မန်စီးတီးတိုက်စစ်ကိုထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ ပဲလေ့စ်ကွင်းဖြစ်ပေမယ့်လည်း မန်စီးတီးကသာကပ် နိုင်သွားဖို့ရှိပါတယ်။

### ဆောက်သမ်တန် - လီဗာပူး

**ည ၉း၃၀ (၁၉-၁၁-၁၆)**

လီဗာပူးရဲ့ခြေစွမ်းပိုင်းက ထက်မြက်မှုတွေရှိနေပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အားကောင်းလွန်းနေကာ ထိုးဖောက်ကစားပုံရော အဆုံးသတ်ပိုင်းပါထက်မြက်နေပါတယ်။ ကြားရက်မှာပွဲမရှိတာကြောင့်လည်း လီဗာပူးတို့ ခြေကုန်ထုတ်ကစားလာနိုင်ဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာဆောက်သမ်တန်ခြေကလည်းကောင်းမွန်နေကာ အိမ်ကွင်းဖြစ်ပေမယ့် ယူရိုပါလိဂ်ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်မယ်။ လီဗာပူးပဲအနိုင်ရမယ်။

### ဆန်းဒါးလန်း - ဟားလ်စီးတီး

**ည ၉း၃၀ (၁၉-၁၁-၁၆)**

လက်ရှိအချိန်မှာ တန်းဆင်းရမယ့်အခြေအနေနဲ့ အနီးကပ်ဆုံးဖြစ်နေတဲ့ နှစ်သင်းဆုံတွေ့ တဲ့ပွဲဖြစ်တာကြောင့်နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားလာကြမှာသေချာနေပါတယ်။ လက်ရှိခြေစွမ်းပိုင်းအရ ဆိုရင်တော့ ဆန်းဒါးလန်းက ပိုမိုကောင်းမွန်မှုရှိသလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဒါ့အပြင် ဟားလ်စီးတီးကလည်း ခံစစ်ပိုင်းမှာအားနည်းမှုတွေရှိနေတာကြောင့် ဆန်းဒါးလန်းတိုက်စစ်ကို ထိန်းနိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဆန်းဒါးလန်းပဲကပ်နိုင်မယ်။

### စပါး - ဝက်စ်ဟမ်း

**နံနက် ၀၀း၀၀ (၂၀-၁၁-၁၆)**

ဝက်စ်ဟမ်းရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေတာကြောင့် စပါးကိုယှဉ်နိုင်ဖို့ ခက်တယ် ဆိုပေမယ့် လန်ဒန်ဒါဘီဖြစ်တာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါ့အပြင်စပါးစ်ကလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ လေးပွဲဆက်အနိုင်မရမှုကို အဆုံးသတ်ဖို့ စပါးတို့အိမ်ကွင်းမှာ အားစိုက်လာမှာ ဖြစ်ပေမယ့် ကပ်ပြီးသာနိုင်မယ်။

### ဝက်စ်ဘရွန်း - ဘန်လေ

**နံနက် ၂း၃၀ (၂၂-၁၁-၁၆)**

ဘန်လေခြေစွမ်းပိုင်းက ကောင်းမွန်နေတယ်။ နောက်ဆုံး သုံးပွဲမှာ မန်ယူကိုသရေကစားနိုင်ခဲ့ကာ အဲဗာတန်နဲ့ ပဲလေ့စ်တို့ကို အနိုင်ရယူနိုင်ခဲ့ပါတယ်။ ဒီပွဲမှာ ဘန်လေအနေနဲ့ အဝေးကွင်းဖြစ်လို့ ဂိုးမပေးရရေးကို အားစိုက်လာကာ တန်ပြန်တိုက်စစ်တွေနဲ့ တုံ့ပြန်ကစားလာနိုင်ခြေလည်းရှိတာကြောင့် ဝက်စ်ဘရွန်းတို့ အခက်တွေ့နိုင်ပါတယ်။ အထူးသဖြင့် ဝက်စ်ဘရွန်းတိုက်စစ်ကဂိုးသွင်းခြေမတည်ငြိမ် တာကြောင့်လည်း ဘန်လေတို့အခွင့်အရေးရနိုင်ကာ သရေလောက် ကစားနိုင်ဖို့ရှိနေပါတယ်။

## စတားရစ်ချ်ကို ခေါ်ယူရန် စပါး စဉ်းစားလာ

နည်းပြ ဂျာဂင်ကလော့ပ်က လီဗာပူးတိုက်စစ်မှူး စတားရစ်ချ်ကို အသင်း၏ ပထမဦးစားပေးတိုက်စစ်ကစားသမားအဖြစ် အသုံးမပြုဘဲရှိနေခြင်းကြောင့် စတားရစ်ချ်မှာ အသင်းပြောင်းရန် စဉ်းစားလာနေပြီး သူ့အား ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် ဝက်စ်ဟမ်း၊ စတုတ်တို့က ချိတ်ဆက်နေသလို ယခုအခါ စပါးအသင်းကပါ သူ့အား ရဂ္ဂိရေး ပြိုင်ပွဲအတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည်။ စတားရစ်ချ်၏ တိုက်စစ်စွမ်းရည်မှာ ကျဆင်းသွားခြင်းမရှိသေးသော်လည်း ဂျာဂင်ကလော့ပ် ယခုနှစ်နွေဈေးကွက်အတွင်း ခေါ်ယူခဲ့သည့် တိုက်စစ်မှူး သစ်မာနီ ခြေစွမ်းကြောင့် စတားရစ်ချ်မှာ အရန်ခုံပေါ်တွင် အချိန်ကုန်ဆုံးနေခြင်းဖြစ်သည်။

စပါးအသင်းသည် တိုက်စစ်မှူး ဟယ်ရီကိန်းမှာ ဒဏ်ရာ ပြဿနာကြုံတွေ့ခဲ့ရပြီးနောက် ဂိုးသွင်းခြေမရရှိသေးဘဲရှိနေသလို အယ်လ်ခမာအသင်းမှ ခေါ်ယူထားသည့် ဂျက်ဆန်မှာလည်း စပါးအသင်းသို့ရောက်ရှိပြီးနောက် သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သေးရာ ကလပ်အသင်း၏ ဂိုးသွင်းနှုန်းများ ကျဆင်းနေသည်။ ယင်းပြဿနာအတွက် စတားရစ်ချ်ကဲ့သို့ ပရီမီယာလိဂ်ကစားဟန်နှင့် အံဝင်ပြီးသား ကစားသမားကို ခေါ်ယူ၍ ဖြေရှင်းရန် စပါးနည်းပြ ပိုချက်တီနိုက လိုလားနေခြင်းဖြစ်သည်။

စတားရစ်ချ်အား ဝက်စ်ဟမ်းနှင့် စတုတ်တို့က ပြောင်းရွှေ့ကြေး ပေါင်၂၈သန်းဖြင့် ကမ်းလှမ်းထားသော အနေအထားတွင် စပါးကလည်း အဆိုပါ စတားရစ်ချ်ရရှိရေး ပြိုင်ပွဲအတွင်း ဝင်ရောက်လာခဲ့သဖြင့် မည်သည့်အသင်းကို စတားရစ်ချ်ရွေးချယ်မည်လဲဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။

**မေလှဲ့သင်း**

## မှုခင်းပညာပေးပြခန်းယာဉ် သန်လျင်မြို့သို့ရောက်ရှိ

**သန်လျင် နိုဝင်ဘာ ၁၈**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ စီစဉ်ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအား မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ဗဟုသုတတိုးပွားစေရန်အတွက် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသလျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့သို့ ရောက်ရှိလာသည်။

သန်လျင်မြို့နယ်မှူး ရဲမှူးမြင့်ဦး၊ အမှတ် (၆၀) ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲမှူး စောမိုးရွှေ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု ၆ မှ ရဲအုပ်သိန်းဌေးတို့ပါဝင်သော အဖွဲ့များပူးပေါင်း၍ သန်လျင်မြို့ပေါ်ရှိ ထက်၊ လယ်၊ မူ ကျောင်းများသို့ လှည့်လည်ပြသပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီကွန်ပျူတာသင်တန်းဆင်း

**နေပြည်တော် နိုဝင်ဘာ ၁၈**
နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိမင်္ဂလာခန်းမ၌ e-Government အထောက်အကူပြု ရုံးလုပ်ငန်းသုံး အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာ မျိုးအောင်၊ ကော်မတီဝင်များဖြစ်ကြသော ဦးအေးမြင့်၊ ဦးမင်းသူ၊ ဒေါ်စံပယ်ထွေးနှင့် ဦးမင်းသိမ်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်နှင့် ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန် ဒေါက်တာမျိုးအောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး စံပြသင်တန်းသားဆုရ အင်ဂျင်နီယာဌာန



(ရေနှင့်သန့်ရှင်းမှု)မှ ဦးပြည့်စွမ်းအောင်၊ ပထမ၊ ဒုတိယ၊ တတိယဆုများ ရရှိကြသည့် ဝန်ထမ်းများအားလည်းကောင်း၊ ကော်မတီဝင်များဖြစ်ကြသည့် ဦးအေးမြင့်၊ ဦးမင်းသူ၊ ဒေါ်စပယ်ထွေး၊ ဦးမင်းသိမ်းနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် e-Goverment အထောက်အကူပြု ရုံးလုပ်ငန်းသုံးအခြေခံကွန်ပျူတာသင်တန်း၊ အမှတ်စဉ်(၁/၂၀၁၆) သင်တန်းဆင်းပွဲ အခမ်းအနားတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သင်တန်းသား သင်တန်းသူ ၃၀တက်ရောက်သင်ကြားခဲ့ပြီး ဆက်လက်၍လည်းဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၇)**

## အိမ်မဲ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများပေးအပ်

**အိမ်မဲ နိုဝင်ဘာ ၁၈**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် မီးသတ်ဦးစီးဌာနက နိုင်ငံတော် အရန်အင်အားအဖြစ် ဖွဲ့စည်းထားသည့် ရပ်ကွက်၊ ကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများပေးအပ်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက အိမ်မဲမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၂ အုပ်စုရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံ ပြည့် ၆၆၂ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေယံစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန် /ဆက်)**

## ပေါင်မြို့နယ်၌ ကွန်ကရစ်ပစ္စည်းများဝယ်ယူမှုများပြားလာသဖြင့် လုပ်ငန်းလုပ်ကိုင်သူများအဆင်ပြေ



**ပေါင် နိုဝင်ဘာ ၁၈**
မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများ၌ ကွန်ကရစ်ပစ္စည်းများ ဝယ်ယူသုံးစွဲမှုများပြားလာသောကြောင့် ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်ကြသော ကဒါရပ်ကွက်၊ ကဒုံစီးရပ်ကွက်၊ ကျုံကကျေးရွာများနှင့် နတ်ကြီးချောင်ကျေးရွာစသည့်ကျေးရွာများတွင် ကွန်ကရစ်လုပ်ကိုင်ကြသူများ နွေရာသီတွင် ပိုမိုလုပ်ကိုင်ရသဖြင့် အရောင်းအဝယ်ကောင်းကာ မိသားစု စားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့သုံး လေးနှစ်လောက်ကဆိုရင် ကွန်ကရစ်လုပ်ငန်းလုပ်တဲ့ လူတွေအနည်းငယ်ပဲရှိတယ်။ အခုနောက်ပိုင်းမှ မြို့ပေါ်ရပ်ကွက်နဲ့ ကျေးရွာအချို့တွေမှာ အိမ်ရာဆောက်တာတွေမှာ ကျင်တွယ်တိုင်တွေ အသုံးပြုလာတာများတယ်။ အိမ်ခြံဝင်းတွေကလည်း ကွန်ကရစ်တိုင်တွေစိုက်ထူလာကြတယ်။ ကျေးရွာတွေမှာဆိုရင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြသူတွေ အသုံးပြုလာကြတယ်။ ဒါကြောင့် အခုပွင့်လင်းရာသီရောက်လာတာနဲ့ ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေကြတာပါ" ဟု ကွန်ကရစ်ပစ္စည်းသုံးစွဲသူ တစ်ဦးက ပြောသည်။

အဆိုပါ ရေတွင်းကွန်ကရစ်ဘောင်ခွေများကို သုံးပေခွဲအရွယ်အစားနှစ်ခွေလျှင် ဘိလပ်မြေတစ်အိတ်၊ သဲ၊ ကျောက်အနည်းငယ်စီပါရှိပြီး တစ်နေ့လျှင် ကျွမ်းကျင်လုပ်သားနှစ်ဦးဖြင့် သုံးပေခွဲပတ်လည်ကို မိုပုံစံဖြင့် သွန်းလောင်းလျှင် တစ်နေ့ ပျမ်းမျှခွေ ၁၀ ခွေလောက် ထုတ်လုပ်နိုင်ပြီး ကွန်ကရစ်ရေတွင်းပေါင်တစ်ခွေကို ငွေကျပ် ၃၅၀၀၀ ကနေ ကျပ် ၃၈၀၀၀ အထိ ဈေးရှိရာ နွေရာသီကာလတွင် ရေတွင်း၊ ခြံစည်းရိုးတိုင်၊ ရေကန်၊ ရေလောင်းအိမ်သာများ၌ ပိုမိုအသုံးပြုလာကြသည့်အပြင် အိမ်အုတ်ခုံခြံစည်းရိုးကွန်ကရစ်တိုင်များကို နွေရာသီတွင် မှာယူသူများပြားလာကြောင်း သိရသည်။

ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်ကြရာတွင် အများအားဖြင့် မိသားစုအလိုက်လုပ်ကိုင်ကြသူများရှိပြီးအချို့မှာ အလုပ်သမားငှားရမ်း၍ လုပ်ကိုင်လျက်ရှိသည်။ အဆိုပါလုပ်ငန်းတွင် နေ့စားအလုပ်သမားတစ်ဦးလျှင် ကျပ် ၆၀၀၀၊ အနည်းငယ်လုပ်ငန်းကျွမ်းကျင်လာပါက ကျပ် ၇၀၀၀ မှ ကျပ် ၁၀၀၀၀ အထိပေးရကြောင်း ကျုံကကျေးရွာ ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူ ဦးချစ်ဝင်းက ပြောသည်။ **ကိုဟိန်း (ပေါင်)**

## မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံ

**သဃ်န်းကျွန်း နိုဝင်ဘာ ၁၈**
သဃ်န်းကျွန်းဘူတာ ယာဒ်ဝင်းအတွင်း ရထားရဲစခန်းသဃ်န်းကျွန်းမှ ရဲအုပ်ခင်မောင်သိန်းနှင့် တပ်ဖွဲ့ဝင်များသည် မှုခင်းကျဆင်းရေး ဆောင်ရွက်နေစဉ် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက အမှတ် ၁ စကြိုလက်မှတ်ရုံရှေ့၌ နေအိမ်မှ ထွက်ပြေးလာသူ မောင်သီဟနိုင် အသက် (၅)နှစ်အား တွေ့ရှိသဖြင့် မိဘအုပ်ထိန်းသူများကို စုံစမ်းရှာဖွေ၍ မွန်းလွဲ ၁ နာရီခွဲက သက်သေများရှေ့မှောက်တွင် ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

## အပြည်ပြည်ဆိုင်ရာကလေးများနေ့၌ ကလေးကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**
ကလေးသူငယ်များ တွေ့ကြုံနေရသော အခြေအနေနှင့် အခက်အခဲများတင်ပြနိုင်ရန် မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ကလေးကိုယ်စားလှယ် ၁၃၀ နှင့် ဥပဒေပြုရေးမဏ္ဍိုင်မှ လွှတ်တော်ကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာကလေးများနေ့တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ကြောင်း Equality Myanmar မှ ဒါရိုက်တာ ဦးအောင်မျိုးမင်းထံမှ သိရသည်။

NGO Child Right Working Group (NCRWG) သည် အမျိုးသားအဆင့် ကလေးသူငယ်များတွေ့ဆုံပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုမှ ကလေးကိုယ်စားလှယ်များ မျက်နှာစုံညီတွေ့ဆုံပြီး နိုဝင်ဘာ ၂၀ရက်တွင် ပထမ ၂ ရက်တာအတွင်း ဆွေးနွေးဖော်ထုတ်ခဲ့သော အကြောင်းအရာများကို အခြေခံ၍ ကလေးသူငယ်များ၏ အသံများကို လွှတ်တော်အတွင်းသို့ ရောက်ရှိနိုင်ရေးအတွက်တွေ့ဆုံပွဲသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တင်ပြသွားမည်ဖြစ်သည်။

"အခုဆိုရင် နိုင်ငံထဲမှာ ကလေးသူငယ်ပြဿနာတွေ တော်တော်များများဖြစ်ပွားနေတာ တွေ့ရပါတယ်။ တချို့ကိစ္စတွေဆို ထိထိရောက်ရောက်အရေးယူဆောင်ရွက်ခြင်း မရှိပါဘူး။ ပြစ်မှုကျူးလွန်သူတွေက လွတ်မြောက်နေဆဲပါပဲ။ ကလေးတွေကို ထိထိရောက်ရောက်ကာကွယ်ဖို့ဆိုရင် ခိုင်မာတဲ့ဥပဒေ ပြဋ္ဌာန်းဖို့လိုပါတယ်။ ကလေးသူငယ်အရေးတွေကို ဆောင်ရွက်ဖို့ ကလေးတွေရဲ့အသံကို လာရောက်နားထောင်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေကို ဖိတ်ကြားချင်ပါတယ်"ဟု Equality Myanmar မှ ဒါရိုက်တာဦးအောင်မျိုးမင်းက ပြောကြားသည်။

နေပြည်တော်တွင် ပြုလုပ်မည့် အမျိုးသားအဆင့် ကလေးသူငယ်တွေ့ဆုံပွဲကို ကယားပြည်နယ်ကိုယ်စားပြုအနေနှင့် တက်ရောက်ရမည့် ကလေးကိုယ်စားလှယ် မမိုဘဲက "ကျွန်မတို့ဒေသမှာဆိုရင် ကလေးသူငယ်ပြဿနာတွေ တော်တော်များများရှိပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှု ရရှိမှုအားနည်းတာ၊ ပညာရေးကိုဆုံးခန်းတိုင်အောင်မသင်နိုင်တာ၊ ငြိမ်းချမ်းရေး၊ သဘာဝပတ်ဝန်းကျင် စတဲ့ပြဿနာတွေ ရင်ဆိုင်နေရပါတယ်။ ဒီပြဿနာတွေကို လူကြီးတွေ အထူးသဖြင့် အစိုးရပိုင်းအနေနဲ့ ဂရုစိုက်ဖြေရှင်းပေးစေလိုပါတယ်" ဟု ပြောသည်။

"နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ကလေးများထံ ရင်းနှီးမြှုပ်နှံ" ဟူသောဆောင်ပုဒ်နှင့်အညီ ပြုလုပ်သော ထိုတွေ့ဆုံပွဲသို့ ကလေးကိုယ်စားလှယ်များအပြင် ကလေးသူငယ်လူကုန်ကူးမှု တိုက်ဖျက်ရေးအထူးသံတမန် ရုပ်ရှင်သရုပ်ဆောင် ခိုင်နှင်းဝေနှင့် တေးသံရှင်စောဖိုးခွားတို့ကလည်း တက်ရောက်တင်ပြကြမည်ဖြစ်သည်။ ထို့ပြင် ၈၈ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်နှင့်အဖွဲ့က ကလေးများနှင့် ပတ်သက်သော အနုပညာတေးကဗျာများဖြင့် တင်ဆက်မှုများလည်းပါဝင်မည်ဖြစ်ကြောင်းသိရသည်။

**မို့မို့**



## အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီးသက်ငယ်တန်းကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲကျင်းပ

**သနပ်ပင် နိုဝင်ဘာ ၁၈**
၂၀၁၆ ခုနှစ် သနပ်ပင်မြို့နယ် အခြေခံပညာရေးနှင့် ပူးပေါင်းပြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား အမျိုးသမီး သက်ငယ်တန်းကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်ထိ သနပ်ပင်မြို့နယ် မိုးလုံလေလုံ အားကစားကွင်း၌ ကျင်းပရာ သနပ်ပင်၊ မင်းရွာ၊ ကုလားကျောင်းကြီး၊ ကျွန်းကြီး၊ တာဝ၊ တောင်ဘက်ကမ်း၊ ကျုံပါ စသည့် အ-ထ-ကကျောင်းများမှ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အ-ထ-က ခွဲ တောင်ဘက်ကမ်းမှ ပထမ၊ အ-ထ-က မင်းရွာ မှ ဒုတိယ၊ အ-ထ-က သနပ်ပင်မှ တတိယ အသီးသီး ရရှိကြပြီး ဆုရရှိသော အသင်းများအား သနပ်ပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသီးသီး ဆုချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ ခရိုင်အား/ကာမှူး ဦးမောင်မောင်ငယ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် အားပေးခဲ့ကြောင်း သိရသည်။

**ဌေးနိုင် (ပဲခူး)**

## ရေတိုက်စားခံရသည့် လမ်းပိုင်းအား ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်

**အထက်မင်းလှ နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ရုံးရပ်ကွက်တောင်ပိုင်း အမှတ်(၇)ရပ်ကွက်တွင် ရေတိုက်စားခံရသည့်လမ်းပိုင်းအား ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ပြုပြင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းလှမြို့နယ် ရုံးရပ်ကွက်တောင်ပိုင်း အမှတ်(၇)ရပ်ကွက်တွင် မိုးရေတိုက်စားမှုကြောင့် လမ်းပိုင်းပျက်စီးပြီး သွားလာရအခက်အခဲဖြစ်လျက်ရှိသည့် လမ်းပိုင်း ပေ ၅၀၀ အား ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ သိန်း ၅၀ ခွင့်ပြုရန်ပုံငွေဖြင့် လမ်းပိုင်းပြုပြင်ပြီးကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် လမ်းအူကြောင်းပြုပြင်ခြင်း၊ နံဘေးရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# နိုင်ငံတကာခရီးသွား ဧည့်သည်များ ရောဝတီတံတား(ရတနာပုံ) ကမ္ပည်းကျောက်စာအနီးမှ ရောဝတီအလှနှင့် စစ်ကိုင်းတောင်အလှကို ကြည့်ရှုမှုများပြား



**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးမြို့ရောက် နိုင်ငံတကာ ခရီးသွား ဧည့်သည်များမှာ မန္တလေး၊ စစ်ကိုင်း၊ အမရပူရ မင်းကွန်းနှင့် အင်းဝဒေသဘက်သို့ သွားရောက်လေ့လာကြသည်။ စစ်ကိုင်းနှင့်မင်းကွန်းဘက်သို့ ကားဖြင့်သွားသည့်ခရီးသွား ဧည့်သည်အများစုမှာ ရောဝတီတံတား(ရတနာပုံ)ကမ္ပည်းကျောက်စာအနီးမှ ရောဝတီမြစ်အလှနှင့် စစ်ကိုင်းတောင်အလှကို ကြည့်ရှုမှုများပြားလျက်ရှိသည်။

အထူးသဖြင့် ရောဝတီမြစ်ကို ကမ်းလက်များဖြင့် ဆက်သွယ်ထားသည့် အင်းဝတံတား (စစ်ကိုင်းတံတား)၊ ရောဝတီတံတား(ရတနာပုံ)တို့နှင့်အတူ ရောဝတီမြစ်အလှကို မှတ်တမ်းယူလေ့ရှိသည်။

မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ကမ်းလက်နှင့် ဆက်သွယ်ပေးခဲ့သော စစ်ကိုင်းတံတားဟောင်းကြီး သက်တမ်းရင့်လာချိန်တွင် ရောဝတီတံတား(ရတနာပုံ)မျိုးဆက်သစ်က ဆက်လက်တာဝန်ထမ်းဆောင်ကာ ပြည်သူ့အကျိုးကို သယ်ပိုးလာခဲ့သည်။ မျိုးဆက်သစ်ရောဝတီတံတားကြောင့် ပြည်သူတို့စိတ်ချမ်းသာ ပျော်ရွှင်ခဲ့ကြရပေသည်။ ပြည်သူတို့လွတ်လပ်စွာ သွားလာနိုင်ပြီး နိုင်ငံ့ကောင်းကျိုးကို သယ်ပိုးနိုင်ခဲ့ပေသည်။

ပြည်သူချစ် ရောဝတီတံတား(ရတနာပုံ)သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ ခဝဲတော်ရပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်တည်နေရာ ကမ်းနှစ်ဖက်ကြားတွင်တည်ရှိသည်။ ပင်မတံတားသည် သံမဏိသံပေါင်ခုံးတံတားဖြစ်ပြီး ချဉ်းကပ်တံတားမှာ ၆၅ ပေရှည် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းလက်ရန်း အမျိုးအစားပင်ဖြစ်သည်။ တံတားအရှည် ၅၆၁၄ ပေ၊ ပင်မတံတားနှင့်ခန်းပွင့် ၃၆၉၄ ပေ ချဉ်းကပ် တံတားအရှည်ခန်းပွင့် ပေ ၁၉၂၀၊ မန္တလေးဘက်အရှည် ပေ ၁၁၄၀၊ စစ်ကိုင်းမြို့ဘက်အရှည်ပေ ၇၈၀၊ ယာဉ်သွားလမ်းအကျယ် ၄၉ ပေ၊ လေးလမ်းသွား၊ လူသွားလမ်း ခြောက်ပေ၊ တံတားအောက်ရေလမ်းကမ်းလွန်နယ် အကျယ်ပေ ၇၀၀၊ အမြင့်ပေ ၄၀ ရှိသည်။

ရောဝတီရဲ့ ကမ်းနှစ်ဖက်ကိုကမ်းလက်တို့ဖြင့် ဆက်သွယ်ကာ စစ်ကိုင်းတံတားအဟောင်းနှင့် ရောဝတီတံတား(ရတနာပုံ)တို့အတူ ယှဉ်တွဲတာဝန်ထမ်းနေပုံမှာ မန္တလေးဒေသနှင့် စစ်ကိုင်းဒေသတို့၏ အလှတစ်ပါးပင်ဖြစ်သည်။ ရောဝတီမြစ်ပေါ်မှ တံတားအလှ၊ စစ်ကိုင်းတောင်၏ အလှတို့သည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များသာမက ပြည်သူအများစုက ကြည့်မဝသော ပြည်သူအကျိုးဆောင် အလှဘုရင်အဖြစ်တည်ရှိနေပေသည်။

**နွေနဒီ(မြစ်ငယ်)**

# မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာဝယ်ယူခွင့်လျှောက်လွှာများ ရောင်းချ၊ ဝန်ထမ်းများဝယ်ယူမှုများပြားသော်လည်း ကုမ္ပဏီဝန်ထမ်းနှင့် ဝင်ငွေနည်းပြည်သူ ဝယ်ယူမှုနည်း

**မန္တလေး နိုဝင်ဘာ ၁၈**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်ရှိ မြေကွက်အမှတ် (မမ-၁၆) မြေဧရိယာ ၇ ဒသမ ၆၇ ဧကတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက မြရည်နန္ဒာတန်ဖိုး မျှတအိမ်ရာစီမံကိန်း ရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၄ လုံး အခန်းပေါင်း ၅၆၀ ကို မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော လုပ်သက်အနည်းဆုံးငါးနှစ်ရှိ နိုင်ငံဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများအား လက်ငင်းငွေချေစနစ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်၍ အရစ်ကျငွေချေစနစ်များဖြင့် ရောင်းချပေးမည်ဖြစ်ရာ အမှန်တကယ်နေထိုင်လိုသူများအား ဝယ်ယူခွင့်လျှောက်လွှာများကို အရောင်လေးရောင်ခွဲခြား၍ နိုဝင်ဘာ ၁၀ ရက်မှစတင်၍ အောင်မြေသာစံမြို့နယ် ၆၆ လမ်း ၁၅လမ်းနှင့် ၁၆ လမ်းကြားရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးတွင် ရောင်းချပေးရာ နိုဝင်ဘာ ၁၆ ရက်တွင် နိုင်ငံ့ဝန်ထမ်းများ ဝယ်ယူခွင့်လျှောက်လွှာ(အစိမ်း) ပြတ်သွားသည်အထိ ရောင်းအားမြင့်တက်ခဲ့သည်။

အငြိမ်းစားဝန်ထမ်းနှင့် ဝင်ငွေနည်းပြည်သူများ လျှောက်လွှာတွင် မိသားစုပျမ်းမျှဝင်ငွေကျပ် လေးသိန်းအထက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်၏ ထောက်ခံချက်ပါရှိနေ၍ တိုက်ခန်းဝယ်ယူခွင့်လျှောက်လွှာ ဝယ်ယူမှုနည်းပါးလျက်ရှိသည်။ ကုမ္ပဏီဝန်ထမ်းများအား လေးလလေးရစ်ဖြင့် အကြေပေးချေစနစ်၊ တိုက်ခန်း ၃၀ ရာခိုင်နှုန်းပေးသွင်း၍ ကျန်ငွေ ရှစ်နှစ်အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေသော်လည်း စိတ်ဝင်စားမှုနည်းပါးကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# အသက်ကယ်ထိုင်ခုံခါးပတ်ဝတ်ဆင်စီးနင်းရေးအသိပညာပေး

**မန္တလေး နိုဝင်ဘာ ၁၈**

အမှတ်(၁၄)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၏ ဦးဆောင်မှုဖြင့် အမှတ်(၈၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ပုသိမ်ကြီးမြို့နယ်) တပ်စိတ်မှူး ရဲအုပ်အောင်ကျော်မိုး ဦးစီးတပ်ဖွဲ့ဝင်များ၊ ပုသိမ်ကြီး မြို့မရဲစခန်းမှ ရဲအုပ်သိန်းစိုး ဦးစီးတပ်ဖွဲ့ဝင်များ ပါသောပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာရပ်ကွက် ရွှေကျင်တိုး ဂိတ်အနီး ခြောက်လမ်းသွား မန္တလေး-မိုးကုတ်လမ်းတွင် သွားလာနေသော မော်တော်ယာဉ်များအား အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belt) ဝတ်ဆင်စီးနင်းစေရေး အသိပညာပေးဆောင်ရွက်ပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။



အသက်ကယ် ထိုင်ခုံခါးပတ်အား ယာဉ်မောင်းသူနှင့် လိုက်ပါစီးနင်းသူများအားလုံး ဝတ်ဆင်စီးနင်းရမည်ဖြစ်ပြီး ပညာပေးကာလအဖြစ် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အမျိုးသား ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီက သတ်မှတ်ထားပြီး လိုက်နာမှု မရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပုဒ်မ ၅၄(c)/၆၂အရ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ဂျာမနီနှင့်မြန်မာပူးပေါင်းဆောင်ရွက်သည့် ကျေးလက်လမ်းဖွင့်ပွဲကျင်းပ



**တောင်ကြီး နိုဝင်ဘာ ၁၈**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) တို့ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်ဖွံ့ဖြိုးရေး အစီအစဉ်၏ ကျေးလက်လမ်းဖွင့်ပွဲကို သံတဲကျေးရွာ တောင်နီ-တောင်လေးလုံး ကျေးရွာလမ်း ရေနွေးရှာဥ္ဌ နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်နှင့်တကွ KfW မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျေးရွာပြည်သူလူထုအင်အား ၁၀၀၀ ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာ စကားပြောကြားရာတွင် ကျေးလက်ဒေသ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် ရန်ပုံငွေများ ကူညီထောက်ပံ့ပေးပါသော ဂျာမနီနိုင်ငံအစိုးရ၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ် KfW နှင့်ဂျာမနီနိုင်ငံ နိုင်ငံသားများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ သက်ဆိုင်ရာ ဒေသခံပြည်သူများအနေဖြင့်လည်း တည်ဆောက်ပေးခဲ့ပြီးသည့် လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး Mr. Christian Ludwig Weber Lortsch က အမှာစကားပြောကြားသည်။

ဒေသခံပြည်သူလူထု ကိုယ်စား သံတဲကျေးရွာအုပ်စု ရပ်မိရပ်ဖဦးကျော်ဇောက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) တို့ပူးပေါင်းဆောင်ရွက်သော တောင်လေးလုံး-တောင်နီလမ်းအရှည် ၈ ဒသမ ၃၄ ကီလိုမီတာ ဆောင်ရွက်ပေးသည့်အတွက် ဒေသမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သွား၍ ကျေးဇူးအထူးတင်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဂျာမနီနိုင်ငံကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

တောင်ကြီးခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကျေးလက်နေပြည်သူများ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဈေးကွက်နှင့် ပြည်သူ့ရေးရာအုပ်ချုပ်မှု၊ ဝန်ဆောင်မှုဌာနများသို့ လွယ်လင့်တကူဆက်သွယ် ချိတ်ဆက်နိုင်ရန်အတွက် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းတံတားများအဆင့် မြှင့်တင်ခြင်းစီမံကိန်းကို ဂျာမနီ-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် ၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဂျာမနီဖွံ့ဖြိုးရေးဘဏ်၏ ကူညီထည့်ဝင်ငွေ ယူရိုခုနစ်သန်းဖြင့် မြို့နယ်သုံး မြို့နယ်၌ ကျေးလက်လမ်း သုံးလမ်း၊ လမ်းအရှည်စုစုပေါင်း ၃၀ ဒသမ ၀၃ ကီလိုမီတာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဂျာမနီဖွံ့ဖြိုးရေးဘဏ်၊ Guff အကြံပေးအဖွဲ့နှင့် ဒေသခံပြည်သူများ အောင်မြင်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ပတ်ဝန်းကျင်ကျေးရွာ ၂၂ ရွာမှ ဒေသခံပြည်သူ ၁၃၅၅၉ ဦးတို့ တိုက်ရိုက်အကျိုးခံစားရသည့်အပြင် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည်ဖြစ်သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# AGTI Society

## ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း
## အလှူရှင်များဖိတ်ခေါ်ခြင်း

ဂျီတီအိုင်ကျောင်းပေါင်းစုံမှ ကျောင်းသား/ကျောင်းသူဟောင်းများ၏(၂၁) ကြိမ်မြောက် ကျောင်းပေါင်းစုံအာစရိယပူဇော်ကန်တော့ပွဲကို ၁၈-၁၂-၂၀၁၆ ရက်(စနေနေ့) နံနက် ၉း၀၀နာရီတွင် မန္တလေးမြို့၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

ကျောင်းသား/ကျောင်းသူဟောင်းများ၊ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် အာစရိယပူဇော်ကန်တော့ပွဲတွင် Sponsor ပေး၍ ပါဝင်လှူဒါန်းကြပါရန် လေးစားစွာဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | Platinum Sponsor | - | ကျပ်သိန်း (၅၀) |
| (ခ) | Diamond Sponsor | - | ကျပ်သိန်း (၃၀) |
| (ဂ) | Gold Sponsor | - | ကျပ် (၁၀)သိန်း |
| (ဃ) | Co-Sponsor | - | ကျပ် (၃)သိန်း |

အသေးစိတ်သိရှိလိုပါက ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း၊ အခန်း(၃၀၃)၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၉-၈၆၂၆၈၈၅၊ ၀၉-၅၀၅၆၇၁၇သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ မေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း**

# AGTI Society

## ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း
## ဖိတ်ကြားအပ်ပါသည်

၁။ A.G.T.I Society အသင်းမှ ကြီးမှူးကျင်းပမည့် (၂၁)ကြိမ်မြောက် G.T.I ကျောင်းပေါင်းစုံ အာစရိယပူဇော်ပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၁၃၇၈ခုနှစ်၊ နတ်တော်လပြည့်ကျော်(၄)ရက် ၁၈-၁၂-၂၀၁၆ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန်။ ။ | | နံနက် ၉း၀၀နာရီ |
| ကျင်းပမည့်နေရာ။ ။ | | ရွှေကျင်ဓမ္မာရုံ၊ ရွှေကျင်ရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ (မန္တလေးတောင်ခြေ၊ မန္တလေးမြို့)။ |

၂။ လိုက်ပါဂါရဝပြု ပူဇော်လိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများအတွက် A.G.T.I Society အသင်းကြီးမှ အသွားအပြန် Express Bus များကို စီစဉ်ပေးပါမည်။ စားစရိတ်နှင့် တည်းခိုစရိတ်ကို မိမိအစီအစဉ်ဖြင့် ကျခံရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ လိုက်ပါလိုသူများသည် အသင်းသို့ ၃၀-၁၁-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ နောက်ဆုံးထားပြီး ဖုန်း-၀၁-၅၁၉၈၆၃နှင့် ၀၉-၅၀၅၆၇၁၇သို့ ဆက်သွယ်စာရင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ ၁၇-၁၂-၂၀၁၆ရက် နံနက် ၅း၀၀နာရီတွင် မရမ်းကုန်းမြို့နယ်၊ တောင်ဝင်လမ်းရှိ ဝိတိုရိယဆေးရုံမှ စတင်ထွက်ခွာပါမည်။ ၁၉-၁၂-၂၀၁၆ရက် နံနက်တွင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း**

# အများသိရှိစေရန်ကြေညာချက်

Family Entertainment Group Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

Iron Cross (Music Band)၏ Free Showပွဲများ၊ နယ်လှည့်ဖျော်ဖြေပွဲများနှင့် ပတ်သက်၍ Family Entertainment Group Company Limited သည်၊ အများပြည်သူသို့ တိုက်ရိုက် (သို့မဟုတ်) ပြန်လည်ထုတ်လွှင့်ပြသခြင်းအား၊ တစ်ဦးတည်းမူပိုင် ပြသခွင့်ရရှိထားသူ ဖြစ်ပါသည်။ သို့ပါ၍ Iron Cross (Music Band) Free Show ပွဲများနှင့်၊ နယ်လှည့်ဖျော်ဖြေပွဲများကို၊ 5 Special, 5 Plus, 4HD Channel ရုပ်သံလိုင်း နှင့်၊ Internet လိုင်းများအပါအဝင်၊ ရုပ်သံထုတ်လွှင့်ပြသခြင်းအား၊ မည်သူတစ်ဦးတစ်ယောက်ကမျှ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်ဆင့်ကူးယူထုတ်လွှင့်ပြသခြင်းသော်လည်းကောင်း၊ အခြားနည်းလမ်းအမျိုးမျိုးဖြင့်သော်လည်းကောင်း၊ မည်သည့်နည်းနှင့်မျှ ထုတ်လွှင့်ပြသခွင့်မရှိပါကြောင်းနှင့်၊ အကယ်၍ ခွင့်ပြုချက်မရှိပါဘဲလျက် ထုတ်လွှင့်ပြသခဲ့ပါလျှင်၊ ကုမ္ပဏီမှ ဥပဒေကြောင်းအရ၊ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းကို၊ အတိအလင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးသိန်းထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၉၃)

ဒေါ်ယဉ်ယဉ်မြတ် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၆၄)

MVP Law Firm အမှတ် ၁၈၉/၁၉၅၊ (၁၀)လွှာ၊ ပန်းဆိုးတန်းအော့ဖစ်တာဝါ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Tel : 09-5043765, 09-448022088


ကမ္ဘာ့အိမ်ထောင်
မြေနီကုန်း၊ ဘိုကလေးဈေး၊ သိမ်ကြီးဈေး၊ ကမ္ဘာအေး၊ စံရိပ်ငြိမ်
New Family Fair
17-30 November, 2016
Special Discount
အိမ်ထောင်စုအသစ်တစ်ခုအတွက်
မရှိမဖြစ်လိုအပ်သော
■ အိမ်ထောင်ပရိဘောဂများ
■ အိမ်သုံးလျှပ်စစ်ပစ္စည်းများ
■ အိပ်ခန်းအသုံးအဆောင်ပစ္စည်းများ
■ မီးဖိုချောင်သုံးပစ္စည်းများ


Panasonic
HAPPY MEGA SALES
From NOW till 31st DEC 2016
သင့်မိသားစုအတွက် ပန်နာဆိုးနစ်လေအေးပေးစက်
ဝယ်ယူရင်း တန်ဖိုးကြီးလက်ဆောင်များကို ရယူလိုက်ပါ . . .
PREMIUM INVERTER
CS-S10/13/18RKH
• ECONAVI + Intelligent Inverter-Optimum Energy Savings up to 65%
• iAUTO-X - Extreme Cool, Extra Fast up to 35% Fast Cooling
• Nanoe-G - Removes PM2.5 particles
အထူးလက်ဆောင်
လျှပ်စစ်ထမင်းပေါင်းအိုး SR-TR184
တန်ဖိုး - ကျပ်(၅)သောင်းဝန်းကျင်
DELUXE NON-INVERTER
CS-C9/12RKH
• ECONAVI - Energy Savings
• iAUTO - Up to 15% Fast Cooling
• Nanoe-G - Removes PM2.5 particles
အထူးလက်ဆောင်
သစ်သီးဖျော်စက် MX-GM1011G/H
တန်ဖိုး - ကျပ်(၄)သောင်းဝန်းကျင်
STANDARD INVERTER
CS-PS9/12/18QKH
• Intelligent Inverter - Optimum Energy Savings
အထူးလက်ဆောင်
လျှပ်စစ်ထမင်းပေါင်းအိုး SR-TEM10
တန်ဖိုး - ကျပ်(၅)သောင်းဝန်းကျင်
STANDARD NON-INVERTER
CS-PC9/12/18QKH
• iAUTO - Up to 15% Fast Cooling
အထူးလက်ဆောင်
ရေငွေ့လျှပ်စစ်မီးပူ NI-V100N
တန်ဖိုး - ကျပ်(၂)သောင်းဝန်းကျင်
Panasonic Showroom
ရန်ကုန် - အမှတ် G (၁၅)၊ တာဝါ D၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း (၀၁) ၈၆၀ ၄၆၅၇ - ၅၉ ၊
မန္တလေး - အမှတ် ၆၄၇၊ ၃၆လမ်းနှင့် ၇၈လမ်းထောင့်၊ ဟေမမာလာမြောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ ဖုန်း (၀၂) ၆၀၄၈၈
အသေးစိတ်အချက်အလက်များကို အမြို့မြို့အနယ်နယ်ရှိ အရောင်းဆိုင်များနှင့် ရုပ်မြင်သံကြားလိုင်းများတွင် ကြော်ငြာထားမည်ဖြစ်ပြီး လက်ဆောင်များမှာ အာမခံကဒ်ပြီးသည်(ပစ္စည်းနှင့် လက်ခံအစ)ဖြင့်ဝယ်ယူနိုင်ပါသည်၊

AIR KBZ
FLYING BEYOND EXPECTATIONS

အဲကမ္ဘောဇ၏လေယာဉ်ခရီးစဉ်သစ်

# ချင်းမိုင်

ရန်ကုန် - ချင်းမိုင် | ချင်းမိုင် - ရန်ကုန်

ဒေါ်လာ ၉၉ US$ မှစတင်၍

✲ အသွား/အပြန် လက်မှတ်
✲ တန်ဖိုးသက်ဆိုင်ရာအခွန်အရေခွန်



တစ်ပတ်လျှင် (၃) ကြိမ်
ဗုဒ္ဓဟူး / သောကြာ / တနင်္ဂနွေ
အထူးဈေးနှုန်းအရောင်းကာလ - ၂၀၁၆၊ နိုဝင်ဘာလ (၃၀) ရက်
အထူးဈေးနှုန်းဖြင့်ခရီးသွားကာလ - ၂၀၁၆၊ ဒီဇင်ဘာလ (၂) ရက် မှ ၂၀၁၇၊ ဖေဖော်ဝါရီလ (၂၈) ရက်ထိ

| ခရီးစဉ် | နေ့ရက် | လေယာဉ်အမှတ် | ထွက်ခွာချိန် | ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ရန်ကုန် - ချင်းမိုင် | ဗုဒ္ဓဟူး/သောကြာ | K7 842 | ၁၃း၁၅ | ၁၄း၁၅ |
| ချင်းမိုင် - ရန်ကုန် | ဗုဒ္ဓဟူး/သောကြာ | K7 843 | ၁၆း၀၀ | ၁၇း၀၀ |
| ရန်ကုန် - ချင်းမိုင် | တနင်္ဂနွေ | K7 842 | ၀၉း၁၅ | ၁၀း၁၅ |
| ချင်းမိုင် - ရန်ကုန် | တနင်္ဂနွေ | K7 843 | ၁၁း၀၀ | ၁၁း၅၀ |

Hot Line | (01) 9670007

No. 147, (5) Quarter, (8½) Mile, Pyay Road, Mayan Gone Township, Yangon.
Office: (01) 9670014~20, Fax: (01) 662627
Email: info@airkbz.com.mm
:www.facebook.com/AIRKBZ, www.airkbz.com

we accept: VISA MPU

INTERNATIONAL AIRLINE PARTNER: MAI Myanmar Airways International

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**
မြင်ဦးလှိုင်မြို့ရပ်ကွက်ကြီး (12) ရှိ (40' x 60') မြေကွက် (180) သိန်း
(4) ကွက်ပူးတွဲယူလျှင်မြေပို (20' x 80') ရမည်
ဝယ်မည့်သူသာဆက်သွယ်ပါ - 09 264773371 (ရုံးချိန်အတွင်း)

ကွန်ကရစ် အုတ်ချိုင့်
ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884
(၆၀၇) အင်းလေး (၁) လမ်း ရန် (၂) တောင်ဒဂုံ

**ပစ်းဆဲဗင်းပစ်း**
အိမ်ချက် ထမင်း၊ ဟင်း
ချိုင့်ဆွဲပို့သည်။
စားကြည့်ပြီး ကြိုက်သွားစေရမည်။
Ph : 09 978794077, 09 5050321.

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

# နေရာတိုင်းဆောင်ထား

အရောက်ပို့
တပ်ဆင်
ရှင်းပြ


Rain Flower

3 Years

ကြည့်မြင်တိုင်
ဖုန်း - ၀၉-၇၃၁၀၀၈၉၀
- ၀၉-၇၃၁၀၀၈၉၁
- ၀၉-၄၅၁၇၃၀၀၀၅
- ၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း - ၀၉-၇၃၁၅၄၆၇၀
- ၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း - ၀၉-၄၃၀၄၉၃၅၆
ပေါက်တောဝ၊ အင်းစိန်
ဖုန်း - ၀၁-၆၄၃၇၅၈
- ၀၉-၇၃၁၂၆၀၅၇
- ၀၉-၃၁၄၇၁၆၅၄
- ၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း - ၀၉-၄၉၂၀၈၈၈၀
- ၀၉-၃၁၁၃၆၂၆၀
မန္တလေး
ဖုန်း - ၀၉-၄၂၀၀၈၄၂၂
- ၀၉-၆၅၀၀၄၁၃




ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING










TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇ မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

**ASIAN YGN Travels & Tours**

ဘားအံ- တောင်ဝိုင်း (၃၅,၀၀၀)
တောင်ငူ - သံတောင် - ဗိုကျားဆင်စခန်း (၃၅,၀၀၀)
ပုဂံ - ပုပ္ပါး (၉၀,၀၀၀) ၂ ညအိပ် ၃ ရက် ခရီးစဉ်
PH: 09 45 710 1867 / 09 45 643 1420
Nov-23 ခရီးစဉ်

**အာရှနဂါး**
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

သီပေါမင်းရာပြည့် ရတနာဂီရိ နှင့် ဗုဒ္ဓဂယာ ဘုရားဖူးသို့ သွားကြစို့ ။
(၂၁.၁၁.၂၀၁၆) ရက်နေ့ နောက်ဆုံးထားဆက်သွယ်ရန်၊
ဖုန်းနံပါတ် - ၀၁ ၂၅၃၅၉၈၊ ၂၅၃၆၀၁၊ ၂၄၅၂၀၁

**ဦးအောင်ဝင်း**
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level I+II & III စာရင်းကိုင် သင်တန်းများ ခုံနံပါတ်ယူထားနိုင်ပြီ။ Dec - 17 (Sat) စမည်။
LCCI
☑ (၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
☑ သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎- 09 -776349905, 978578325, 01-371741, 240824

**YCTC Business Institute**
Earn A World Recognised
**MBA**
From One of Malaysia's Top University in Myanmar
Management & Science University (MSU) Malaysia မှ တိုက်ရိုက်ပေးအပ်ချီးမြှင့်သော မဟာဘွဲ့ဖြစ်ပါသည်။
Coventry University, UK မှ Dual MBA ဆက်လက်တက်ရောက်နိုင်ပါသည်။
Specialisation in ➤ Global Marketing
➤ Organisational Leadership
Duration : 18 Months / 5 Semesters (Weekend Classes Only)



- $ 1000 ဖြင့် MBA ဝတ်တက်ရောက်နိုင်ပါသည်။
- CB Bank မှ Student Loan ဖြင့် (24) လအရစ်ကျပေးသွင်းနိုင်ပါသည်။

Installment Available !!
Start On : 17th December, 2016
အမှတ်(၂၄)၊ ဘောမင်းကြီးလမ်း (Park Royal Hotel) အနီး။ Tel : (09)420 163 316, (09)254 269 644, www.yctcinstitute.com, www.msu.edu.my

**T.V (ရန်ကုန်)**
ပထမဦးဆုံး ဦးထွန်းဦး-ဒေါ်ဝင်းမာ
ကားမောင်း--စက်ပြင်သင်တန်း
သိမ်ဖြူ 09-421150033, 09-73044311
09-5041550, 09-440051114, 09-779144498
ခုံ 09-260111942, 09420066955
09-440051112, 09-44051113

**STANDARD LIFE**
your affordable quality
ပါကေးအစားထိုး ကြမ်းခင်း
Eco Laminate Floor
Special Price
အထူး ဈေးနှုန်း အခွင့်အရေး



Decorated Materials Sales & Installations
☎ 09 4555 444 30, 09 4555 444 03

**NAY LIN AUNG**
FINANCE & ACCOUNTANCY ACADEMY
ACCA(UK) Part-I
Diploma in Accounting & Business
Registration Fees Scholarship
Nay Lin Aung Finance & Accountancy Academy
(Giordano)




# ရေလယ်ဘုရားနှင့် သဘာဝလျှောက်လမ်း

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ပင်လယ်ကမ်းခြေကျေးရွာ ဝဲကလောင်းနှင့် အံခဲကျေးရွာနှစ်ရွာအကြား ကမ်းခြေမှ တစ်မိုင်ခြောက်ဖာလုံအကွာ ကျောက်ဆောင်ထက်တွင် ကိန်းဝပ်စံပယ်တော်မူသော ဆံတော်ရှင် ကျိုက်နဲ့ရေလယ်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကမ်းခြေမှပင်လယ်ပြင်အတွင်း စေတီအထိ လမ်းလျှောက်ရန် သဘာဝအတိုင်းဖြစ်တည်လျက်ရှိသော ကျောက်စီလမ်းကို တွေ့ရစဉ်။
[အဆိုပါကျောက်လမ်းသည် အာလူးကျောက်(စမ်းကျောက်) အမျိုးအစားတစ်မျိုးတည်းဖြစ်ပြီး အခြားသော ကျောက်အမျိုးအစားများလုံးဝရောနှောနေခြင်း မရှိကြောင်းနှင့် ပင်လယ်ဒီရေတက်ပါက ရေလှိုင်းရိုက်ခတ်နစ်မြုပ်သော်လည်း အခြားနေရာသို့ ရွေ့သွားခြင်းမရှိကြောင်း သိရသည်။] ကျော်ဝင်း(ပြန်/ဆက်)



# မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ်လူရွေးချယ်



မြန်မာ့လက်ရွေးစင်အသင်း အဓိကတိုက်စစ်မှူး အောင်သူ။

အာဆီယံဒေသအတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ၂၀၁၆ အာဆီယံဆုဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အသင်းသည် ပဏာမလက်ရွေးစင်ကစားသမား ၂၄ ဦးအနက် တစ်ဦးလျှော့ချကာ အပြီးသတ် ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဂက်ဖရိုင်းဒရစ်သည် အပြီးသတ်လူစာရင်းထုတ်ပြန်ကြေညာရာတွင် အမာခံကစားသမားများအစုံအလင်ပါဝင်လာပြီး ၂၄ ဦးဖြင့် နောက်ဆုံးလေ့ကျင့်ခဲ့သောကြောင့် တစ်ဦးသာ လျှော့ချခဲ့ရခြင်း ဖြစ်သည်။ အိုမန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင် ဒဏ်ရာရခဲ့သည့် နောက်ခံလူ ဖြိုးကိုကိုသိန်းမှာ ပြန်လည်ကောင်းမွန်လာသောကြောင့် ပြန်လည်လေ့ကျင့်နေပြီဖြစ်ပြီး အခြားနောက်ခံလူ သိန်းဇော်မှာ အပြီးသတ်ရွေးချယ်ရာတွင် ကျန်ရစ်ခဲ့သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူ-ဦးသန်းတိုးအောင်၊ နည်းပြချုပ်-ဂက်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ-ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြ-ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြ-မီဂိုဆလပ်၊ အားကစားသမားများအဖြစ် ဂိုး-ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင်(Southern)၊ ရန်အောင်လင်း(ရတနာပုံ)၊ နောက်တန်း-ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း(ရန်ကုန်)၊ နန္ဒကျော်၊ ကျော်ဇင်လွင်(မကွေး)၊ ဟိန်းသီဟဇော်၊ ဝင်းမင်းထွဋ်(ရှမ်းယူနိုက်တက်)၊ ဖြိုးကိုကိုသိန်း(ဧရာဝတီ)၊ အလယ်တန်း-ရဲကိုဦး၊ မျိုးကိုထွန်း၊ လှိုင်းဘိုဘို(ရတနာပုံ)၊ ရန်အောင်ကျော်(ရန်ကုန်)၊ ဇင်ဖြိုးအောင် (ဇွဲကပင်)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ ဆက်ဖြိုးဝေ(မကွေး)၊ ရန်နိုင်ဦး(ရှမ်းယူနိုက်တက်)၊ ကောင်းဆက်နိုင်(ဆာမက်ဆာခွန်/ရန်ကုန်)၊ ရှေ့တန်း-အောင်သူ၊ ဝင်းနိုင်စိုး(ရတနာပုံ)နှင့် သန်းပိုင်(ရန်ကုန်)တို့ပါဝင်ကြသည်။ ယခုရွေးချယ်လိုက်သည့် ကစားသမား ၂၃ ဦးတွင် ၂၀၁၄ ဆုဖလားပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းမှ ဇော်မင်းထွန်း၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်၊ ကျော်ဇင်ဖြိုး(ဂိုး)၊ ဝင်းမင်းထွဋ်နှင့် သန်းပိုင်တို့ ခြောက်ဦးသာ ပြန်လည်ပါဝင်လာသည်။

မြန်မာနိုင်ငံ၌ ကျင်းပမည့် အုပ်စု(ခ)တွင် မြန်မာ၊ မလေးရှား၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအသင်းတို့ပါဝင်နေပြီး အုပ်စုပွဲစဉ်များကို နိုဝင်ဘာ (၂၀၊ ၂၃၊ ၂၆) ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် ဗီယက်နမ်နှင့် စတင်ကစားရမည်ဖြစ်သည်။

သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်

# မဟုတ်မမှန်သတင်းများ ပေးပို့နေသူအား စစ်ဆေးမေးမြန်းရာမှ အစွန်းရောက် လှုပ်ရှားမှုကွန်ရက်အား ခြေရာခံမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ဘူးသီးတောင်မြို့နယ် ကျောက်ဖြူသားသေကံ ကျေးရွာနေ ရာမောက်တူလာ(၂၁နှစ်)(ဘ)မာမောက်ဟာရှေးသည် ဘူးသီးတောင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့များက အစ္စလာမ်ဘာသာဝင်များအား ညှင်းပန်းနှိပ်စက် သတ်ဖြတ်နေသည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ဆော်ဒီအာရေဗီးယားနိုင်ငံများရှိ အစွန်းရောက်များထံသို့ မဟုတ်မမှန်သတင်းများပေးပို့နေကြောင်း သတင်းအရ နယ်မြေခံရဲတပ်ဖွဲ့ဝင်များသည် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးများနှင့်အတူ ရာမောက်တူလာ၏နေအိမ်သို့ ယမန်နေ့နံနက်ပိုင်းက သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ရာမောက်တူလာကိုင်ဆောင်သည့် လက်ကိုင်ဖုန်းတွင် Rohingya Muslim Group အမည်ဖြင့် Viber Group တစ်ခုတွေ့ရှိရပြီး ယင်း Group တွင်

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❒

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသူများအား ပြန်လည်စေလွှတ်သည့်သတင်းမှာ မှန်ကန်မှုမရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံဘက်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နတ်မြစ်အား ဖြတ်ကျော်၍ ထွက်ပြေးသူ ၂၀၀ ခန့်အား ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ ဖမ်းဆီး၍ မိမိနိုင်ငံဘက်ခြမ်းသို့ ပြန်လည်စေလွှတ်ခဲ့သည်ဆိုသည့် သတင်းဖြစ်ပေါ်မှုနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ် အမှတ်(၂) နယ်ခြားစောင့်တပ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အာဘူဝေဟာဇာဟိရ်နှင့် အမှတ် (၃၄) နယ်ခြားစောင့်တပ်မှ ဒုတိယတပ်ရင်းမှူး မိုဟာမတ်အာဟူလ်နိုင်းတို့အား မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ စကားပြန်မှတစ်ဆင့် ဆက်သွယ်မေးမြန်းစုံစမ်းခဲ့ရာ ၎င်းတို့အနေဖြင့် သတင်းများထွက်ပေါ်နေသည်ကို ကြားသိရသော်လည်း မြေပြင်၌ အမှန်တကယ် ဖြစ်ပွားခဲ့ခြင်းမရှိဟု ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ◆



# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

(၁၉ - ၁၁ - ၂၀၁၆ မှ ၂၅ - ၁၁ - ၂၀၁၆ အထိ)

Vol.1 No-95

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

မြန်မာပြည်အနှံ့ ကြည့်နိုင်ပြီ
4TV DTH ပြသ ဝယ်ယူ ၆ လကောင်း နှင့် ရှပ်အင်တာနက်
Hotline 01-2306166

# အရှေ့တောင်အာရှ၏ အဆင့်အမြင့်ဆုံး ဘောလုံးပြိုင်ပွဲ

AFF SUZUKI CUP 2016

## AFF Suzuki Cup 2016

အရှေ့တောင်အာရှအဆင့် ဘောလုံးပြိုင်ပွဲ တွေထဲမှာ အဆင့်အတန်း အမြင့်ဆုံးနဲ့ ဂုဏ်သိက္ခာ အမြင့်မားဆုံး ဘောလုံးပြိုင်ပွဲဖြစ်တဲ့ AFF Suzuki Cup ပြိုင်ပွဲဟာ လာမယ့် နိုဝင်ဘာလ ၁၉ ရက်ဆိုရင် စတင်ကျင်းပတော့မှာ ဖြစ်ပါတယ်။ ယခုနှစ် ပြိုင်ပွဲထဲမှာ မြန်မာ့လက်ရွေးစင်အသင်း ပါဝင်တဲ့ အုပ်စု (ခ) ပွဲစဉ်တွေကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာ ဖြစ်ပါတယ်။ မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်မယ့် အုပ်စု ပွဲစဉ်တွေကို MRTV-4, MRTV-4 HD, Fox Sports, For Sports ရုပ်သံလိုင်းတွေကနေ တိုက်ရိုက် ထုတ် လွှင့်ပြသသွားမှာ ဖြစ်ပါတယ်။

LIVE — MRTV-4 HD, 4 SPORTS, FOX SPORTS HD

| ရက်စွဲ | အုပ်စု | ပွဲစဉ် | ရုပ်သံလိုင်း | အချိန် | အားကစားကွင်း |
|---|---|---|---|---|---|
| နိုဝင်ဘာ ၁၉ | A | ထိုင်း Vs. အင်ဒိုနီးရှား | for Sports | ညနေ ၃ း ၀၀ | ဖိလစ်ပိုင် |
| နိုဝင်ဘာ ၁၉ | A | ဖိလစ်ပိုင် Vs. စင်ကာပူ | for Sports | ညနေ ၆ း ၃၀ | ဖိလစ်ပိုင် |
| နိုဝင်ဘာ ၂၀ | B | မလေးရှား Vs. ကမ္ဘောဒီးယား | for Sports | ညနေ ၃ း ၀၀ | သုဝဏ္ဏ၊ ရန်ကုန် |
| နိုဝင်ဘာ ၂၀ | B | မြန်မာ Vs. ဗီယက်နမ် | MRTV-4<br>for Sports | ညနေ ၆ း ၀၀ | သုဝဏ္ဏ၊ ရန်ကုန် |
| နိုဝင်ဘာ ၂၂ | A | ထိုင်း Vs. စင်ကာပူ | for Sports | ညနေ ၃ း ၀၀ | ဖိလစ်ပိုင် |
| နိုဝင်ဘာ ၂၂ | A | အင်ဒိုနီးရှား Vs. ဖိလစ်ပိုင် | for Sports | ညနေ ၃ း ၀၀ | ဖိလစ်ပိုင် |
| နိုဝင်ဘာ ၂၃ | B | မလေးရှား Vs. ဗီယက်နမ် | for Sports | ညနေ ၃ း ၀၀ | သုဝဏ္ဏ၊ ရန်ကုန် |
| နိုဝင်ဘာ ၂၃ | B | ကမ္ဘောဒီးယား Vs. မြန်မာ | MRTV-4<br>for Sports | ညနေ ၆ း ၀၀ | သုဝဏ္ဏ၊ ရန်ကုန် |
| နိုဝင်ဘာ ၂၅ | A | စင်ကာပူ Vs. အင်ဒိုနီးရှား | | ညနေ ၆ း ၃၀ | ဖိလစ်ပိုင် |
| နိုဝင်ဘာ ၂၅ | A | ဖိလစ်ပိုင် Vs. ထိုင်း | for Sports | ညနေ ၆ း ၃၀ | ဖိလစ်ပိုင် |
| နိုဝင်ဘာ ၂၆ | B | ဗီယက်နမ် Vs. ကမ္ဘောဒီးယား | for Sports | ညနေ ၆ း ၀၀ | ဝဏ္ဏသိဒ္ဓိ၊ နေပြည်တော် |
| နိုဝင်ဘာ ၂၆ | B | မြန်မာ Vs. မလေးရှား | MRTV-4 | ညနေ ၆ း ၀၀ | သုဝဏ္ဏ၊ ရန်ကုန် |

### မြန်မာ – ဗီယက်နမ်

(၂၀၁၆၊ နိုဝင်ဘာ ၂၀၊ တနင်္ဂနွေနေ့) ညနေ ၆ နာရီ၊ သုဝဏ္ဏကွင်း၊ ရန်ကုန်မြို့

မြန်မာအသင်းနဲ့ ဗီယက်နမ်အသင်းတို့က တော့ ဆုဇုကီးဖလားပြိုင်ပွဲမှာ ထိပ်တိုက် တွေ့ဆုံမှုအဖြစ် ၄ ကြိမ်အထိ ထိပ်တိုက် တွေ့ဆုံခဲ့ ဖူးပြီး မြန်မာ အသင်းအနေနဲ့ ဗီယက်နမ်အသင်းကို တစ်ကြိမ်မှ အနိုင်မရရှိခဲ့ဘဲ သရေ တစ်ကြိမ်နဲ့ ၃ ကြိမ်ကတော့ ရှုံးနိမ့်ခဲ့ဖူးပါတယ်။

### မြန်မာ – ကမ္ဘောဒီးယား

(၂၀၁၆၊ နိုဝင်ဘာ ၂၃၊ ဗုဒ္ဓဟူးနေ့)

ညနေ - ၆ နာရီ၊ သုဝဏ္ဏကွင်း၊ ရန်ကုန်မြို့

မြန်မာအသင်းနဲ့ ကမ္ဘောဒီးယားအသင်းတို့ ကတော့ ဆုဇုကီးဖလား ပြိုင်ပွဲမှာ ထိပ်တိုက် တွေ့ဆုံမှု ၃ ကြိမ်ရှိခဲ့ပြီး မြန်မာအသင်းက ၃ ကြိမ် စလုံးကို အနိုင်ရရှိကာ မလေးရှားအသင်းက အနိုင် ရရှိခြင်း မရှိသေးပါဘူး။

### မြန်မာ – မလေးရှား

(၂၀၁၆၊ နိုဝင်ဘာ ၂၆၊ စနေနေ့)

ညနေ ၆ နာရီ၊ သုဝဏ္ဏကွင်း၊ ရန်ကုန်မြို့

မြန်မာအသင်းနဲ့ မလေးရှားအသင်းတို့က တော့ ဆုဇုကီးဖလားပြိုင်ပွဲမှာ ထိပ်တိုက် တွေ့ဆုံမှု ၃ ကြိမ်ရှိခဲ့ပြီး မြန်မာအသင်းက တစ်ကြိမ် နိုင်နဲ့ ၂ ကြိမ် သရေကျကာ မလေးရှားအသင်းက အနိုင်ရရှိခဲ့ခြင်း မရှိသေးပါဘူး။



## 4TV ၏ တစ်ပတ်တာ ကြည့်ရှုရာ အစီအစဉ်ကောင်းများ

( ၁၉ - ၁၁ - ၂၀၁၆ မှ ၂၅ - ၁၁ - ၂၀၁၆ အထိ)

High Definition ရုပ်သံလိုင်းများ | ရုပ်ရှင် ရုပ်သံလိုင်းများ

### (စနေနေ့) ၁၉ - ၁၁ - ၁၆

**Fox Movies** 07:30 PM London Has Fallen




**Fox Family Movies** 02:05 PM Aliens In The Attic




**For CINEMA 2**

5:36 PM ယောက္ခမနှင့်တစ်ထောင့်တစ်ည
နေတိုး၊ရဲအောင်၊
စိုးမြတ်သူဇာ၊စိုးပြည့်သဇင်၊
ဖေလှ၀၊မောစ့်

8:14 PM မွှင့်လင်းမြင်သာရင်ခုန်ပါ
နေတိုး၊ရွှေမှုံရတီ၊ရွှေပိုးအိမ်

**5 သုခမ**

8:08 PM ဗိုး
မင်းသွေး၊သဥ္ဇာနွယ်ဝင်း

10:10 PM အချစ်နဲ့နေထိုင်ကြသူများ
ကျော်ရဲအောင်၊နေခွေး
ချစ်သုဝေ

### (တနင်္ဂနွေနေ့) ၂၀ - ၁၁ - ၁၆

**Fox Action Movies** 08:30 PM Mr. & Mrs. Smith




**For Cinema** 06:10 PM The Salvation



**For CINEMA 2**

11:29 AM မိန်းမသုံးယောက်ယူမယ့်လူ
နေတိုး၊ဝတ်မှုံရွှေရည်

1:11 PM နဖူးစာရှာလည်
ကျော်ရဲအောင်၊အိန္ဒြာကျော်ဇင်


7:15 PM သစ္စာမီးတိုက်
နေတိုး၊ဖွေးဖွေး၊သားညီ၊
မင်းဦး၊လှမျိုး၊သဥ္ဇာနွယ်

**5 သုခမ**

3:43 PM ကျွန်တော် နှင့် လွဲသုံးဖော်
ဟိန်းဝေယံ၊ရဲအောင်၊
စိုးပြည့်သဇင်၊မေသက်နိုင်၊
သင်ဇာဝင့်ကျော်၊မိုးယုစံ

### (တနင်္လာနေ့) ၂၁ - ၁၁ - ၁၆

**4HD** 07:00 PM Train To busan



**5 သုခမ** 04:17 PM ကြာနီတစ်ပွင့် ဖြူတစ်ပွင့်




**For CINEMA 2**


7:13 PM အမှိုင်းအစိုင်းသမိုင်း
သူထူးစံ၊မင်းရာဇာ၊
အေးမြတ်သူ၊အံ့မင်းညို

**5 သုခမ**


10:09 PM ရင်ခုန်ကျွန်း
မြင့်မြတ်၊ဟက်ကက်၊
အေးမြတ်သူ၊ချမ်းမီမီကို၊

### (အင်္ဂါနေ့) ၂၂ - ၁၁ - ၁၆

**Wild** 08:05 PM Safari Brother: Meerkat Madnes



**5 Movies** 09:40 PM 3 Days To Kill



**For CINEMA 2**

5:17 PM အပြာရောင်မှသား
ကျော်ကျော်ဗို၊မို့မို့မြင့်အောင်၊
ဖွေးဖွေး


7:19 PM သွေးစကား
နေမင်း၊သက်မွန်မြင့်

**5 သုခမ**


08:09 PM မှားပလေ့စေချစ်ပစ်လိုက်
နိုင်းနိုင်း၊ထွန်းအိန္ဒြာဗို

### (ဗုဒ္ဓဟူးနေ့) ၂၃ - ၁၁ - ၁၆

**Fox Action Movies** 06:55 PM Poltergeist II : The Other Side



**Fox Family Movies** 06:30 PM Hannah Montana The Movie



**For CINEMA 2**


7:22 PM ခင်ဗျားကိုကျွန်တော်မချစ်ဘူး
ဇေရဲထက်၊ဝတ်မှုံရွှေရည်၊
သန်းသန်းစိုး၊တင်ဇာဝင်းပြည့်

**5 သုခမ**

09:59 PM အခြောက် ကိုယ်ရံတော်
ဇေရဲထက်၊ရွှေမှုံရတီ

### (ကြာသပတေးနေ့) ၂၄ - ၁၁ - ၁၆

**4HD** 07:00 PM Gone Girl



**5 Movies** 06:00 PM Red Riding Hood




**For CINEMA 2**


12:01 PM မေတ္တာအရင်းခံ
မြင့်မြတ်၊နိုင်သင်းကြည်၊
ရတနာခင်

**5 သုခမ**

04:29 PM ငြိုးမျက်မြေခေ
နေမင်း၊နေအောင်၊
စိုးမြတ်နန္ဒာ၊ချောရတနာ

### (သောကြာနေ့) ၂၅ - ၁၁ - ၁၆

**Fox Movies** 03:45 PM Big Game




**For Cinema** 11:18 AM Geek Charming




**For CINEMA 2**

12:07 PM သစ္စာရှိကြေး
ရဲတိုက်၊မိုးဟေကိုယွန်းရွှေရည်

04:48 PM ဆုံနိုင်ခွင့်ရှိသောဘဝတိုင်း
နေခွေး၊မေကာချာ

**5 သုခမ**


09:50 PM ရည်းစားဦးလေးဖို့
ဟိန်းဝေယံ၊မြေဇင်၊
မေကာချာ

## 4TV ၏ ချန်နယ်များမှ ကြည့်ရှုရမည့် အစီအစဉ်ကောင်းများ

( ၁၉ - ၁၁ - ၂၀၁၆ မှ ၂၅ - ၁၁ - ၂၀၁၆ အထိ)

| အားကစားရုပ်သံလိုင်းများ | သတင်းနှင့်ဗဟုသုတ ရုပ်သံလိုင်းများ | ဖျော်ဖြေရေး ရုပ်သံလိုင်းများ |
|---|---|---|

**Fox Sports 3** 8:50 PM Bundesliga 2016-17 Augsburg vs Berlin (LIVE)




**Discovery** 8:25 PM Aussie Gold Hunters




**5** 06:00 PM The Sky Crawlers




**Fox Sports** 08:30 AM UFC on FOX SPORTS Bader vs Nogueira (LIVE)



**crime investigation** 7:30 PM Deadly Secrets: The Lost of Children Dozier





**for KIDS** 09:43 AM The Smurfs 2




**Fight Sports** 4:30 PM FIGHT SPORTS MMA Hanru Botha Vs. Daniel Henry



**National Geographic** 11:00 AM Living IN Space





**AXN** 10:05 AM R.I.P.D





**Fox Sports**
02:30 PM
AFF Suzuki Cup 2016
Thailand
vs
Singapore
(LIVE)

**Fox Sports 2**
5:30 AM
College Basketball 2016-17
Illinois St.
vs
TCU
(LIVE)

**History** 6:00 PM Smartest Guy In The Room (S1)



**TLC** 06:30 PM Len & Ainsley's Big Food Adventure




**Fox Sports** 5:30 PM AFF Suzuki Cup 2016 Cambodia vs Myanmar (LIVE)




**Discovery** 7:55 PM Travel Man : 48 Hours In (Season 2)




**Star World** 09:55 PM Life In Pieces





**Fox Sports 2** 7:30 AM ISPS Handa World Cup of Golf 2016 Day1(LIVE)




**National Geographic** 9:00 PM Extreme Animal Babies




**ANIMAX** 06:30 PM Cute High Earth Defense Club Love!



**Fight Sports**
11:30 AM
MEGA Fights
Antonio Margarito
vs
Paul Williams

**Fox Sports 2**
6:00 PM
AFF Suzuki Cup 2016 10
Philippines
vs
Thailand #10 LIVE

**Nat Geo People** 7:20 PM Fish of The Day



**for KIDS** 07:38 AM Pinocchio



